ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ (30-11-2008) (၅ ၈၇၈)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# ထောတကောရေခဲတောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် လူငယ်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ၁၅၁၄၆ ပေမြင့်သော ထောတကော ရေခဲတောင်အား အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင် လူငယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ၁၅၁၄၆ ပေမြင့်သော ထောတကောရေခဲတောင်အား အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြသည့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်လူငယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။





ရှေးဦးစွာ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်က ထောတကော ရေခဲတောင်ကို တက်ရောက်ရာတွင် ခရီးလမ်းရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပုံနှင့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**

# ၂၀၀၇ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆု နိုင်ငံနှင့် ပြည်သူ့အကျိုးပြု စာပေစွမ်းဆောင်မှုများ ထင်ဟပ်ပေါ်လွင်

တွေ့ဆုံမေးမြန်း - ဝင်းနိုင်(ကြေးမုံ)၊ မှတ်တမ်းဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)

**ကြေးမုံသတင်းအဖွဲ့သည် စာပေကဏ္ဍ အသိပေးတင်ပြနိုင်ရန် အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေသော အမျိုးသားစာပေဆုရ စာရေးဆရာများအား ရှာဖွေဆက်သွယ်မေးမြန်းပြီး ဆက်လက်ဖော်ပြလိုက်ပါသည်။**

**ဆရာလှိုင်သင်း**

လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ စာအုပ်ဖြင့် အမျိုးသားစာပေ (ဘာသာပြန်-ရသ)ဆုရ စာရေးဆရာ လှိုင်သင်း(ဗိုလ်မှူးချုပ်ဝင်းမြင့်)မှာ တာဝန်များဖြင့် မအားလပ်ဖြစ်နေ၍ ဆက်သွယ်မှုမရခဲ့။ သို့ရာတွင် ဆရာ၏ အမျိုးသားစာပေဆုရ "လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ" စာအုပ်အား ရှာဖွေ၍ လေ့လာထုတ်နုတ် တင်ပြလိုက်ပါသည်။ ဆရာ့စာအုပ်မှာ အင်္ဂလိပ်စာရေးဆရာ ဝီလ်ဒူးရန့်၏ The Story of Civilization, Our Oriental Heritage စာအုပ်ကို ဘာသာပြန်ထားခြင်းဖြစ်ပြီး အီဂျစ်နှင့် အရှေ့အနီးပိုင်း၊ အိန္ဒိယနှင့် အိမ်နီးချင်းများ၊ တရုတ်နှင့် ဂျပန်ယဉ်ကျေးမှုသမိုင်းများ ဟူ၍ သုံးပိုင်းခွဲ ဖော်ပြထားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁**




**လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ စာအုပ်မျက်နှာဖုံးကို တွေ့ရစဉ်။**




**အမျိုးသားစာပေ (သုတပဒေသာ အသုံးချသိပ္ပံ)ဆုရ ကျေးလက်စီးပွား ပြည်သူ့အား စာအုပ်မျက်နှာဖုံး။**

## ယနေ့ ကြေးမုံ ပြည်တွင်းပြည်ပသတင်းဆောင်းပါးများ အညွှန်း



မွမ်ဘိုင်း အကြမ်းဖက် တိုက်ခိုက်မှု ပြီးစီးပြီ

နိုင်ငံတကာအကြမ်းဖက်သတင်း စာမျက်နှာ ၅



ကယား သဇင် စာပေ ခရီး

စာဆိုတော်ဆောင်းပါး စာမျက်နှာ ၆

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲဝင်မည်



ပြည်တွင်း အားကစားသတင်း စာမျက်နှာ ၁၀

ကြေးမုံ
The Mirror
၁၀-၁၁-၂၀၀၈
(တနင်္လာနေ့)

## ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်တည်ဆောက် လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများဖြစ်ထွန်း

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများလူမှုဘဝအဆင်ပြေမှု၊ ပြည်သူများစီးပွားရေးဘဝ မြင့်မားတိုးတက်လာမှုများသည် ထိုနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုပေါ်တွင် မူတည်ပေသည်။ တစ်နည်းအားဖြင့် ဒေသတစ်ခုနှင့် တစ်ခုအကြား အပြန်အလှန် ဆက်သွယ်သွားလာနိုင်ခြင်းသည် နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်စေရုံသာမက ပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို အထောက်အကူပြုစေပါသည်။ မြန်မာနိုင်ငံတွင် ယခင်ခေတ်ကာလများက လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့မှု မရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝ၊ စီးပွားရေး ဘဝစသည်တို့ နိမ့်ကျခဲ့ရသည်။

ထို့ကြောင့် မြစ်ချောင်းတောတောင်လျှိုမြောင် ပေါများသော မြန်မာနိုင်ငံတွင် ဆက်သွယ်သွားလာရေး မခက်ရအောင် နိုင်ငံတော်အစိုးရက လမ်းတံတားများကိုကွန်ရက်သဖွယ် တည်ဆောက် ဖောက်လုပ်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း နှစ်သောင်း တစ်ထောင်ကျော်ရှိရာက ယခုအခါ မိုင်ပေါင်း ခုနစ်သောင်းကျော် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ရထားလမ်းများကို အဆင့်မြှင့်တင်ပေးရာတွင် သံလမ်းမိုင်ပေါင်း ၁၄၇၈ မိုင်၊ ဘူတာရုံပေါင်း ၃၂၅ ရုံ အသစ် အကောင်အထည်ဖော်ပေးခဲ့သည်။

မြန်မာနိုင်ငံရှိ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် မြစ်ကြီးလေးသွယ်တွင် ယခင်က တံတားကြီး ငါးစင်းသာရှိရာမှ ယခုအခါ တံတားကြီး ၁၈ စင်းအထိ တည်ဆောက်ပေးကာ ပြည်သူများကို အကျိုးပြုလျက်ရှိသည်။ တည်ဆောက်ပေးခဲ့သည့် တံတားကြီးများမှာ ပေ ၁၈၀ အထက် ကားလမ်း တံတားပေါင်း ၃၁၁ စင်း၊ ရထားလမ်းတံတားပေါင်း ၄၂ စင်းဆောက်လုပ်ပေးခဲ့ပြီး တံတားအသစ် ခုနစ်စင်း ဆက်လက်ဆောက်လုပ်နေဆဲဖြစ်သည်။

ထိုသို့ ရထား၊ ကား၊ တံတားဆက်သွယ်ရေးကွန်ရက်များကို လက်ယှက်ထိုးဖောက်လုပ်ပေးလျက်ရှိရာဆက်သွယ်သွားလာမှု၊ ကူးသန်းရောင်းဝယ်မှု၊ ချစ်ကြည်ရင်းနှီးမှု လွယ်ကူအဆင်ပြေချောမွေ့မှု အခြေခံကောင်းများကို တိုင်းရင်းသားပြည်သူများ ယနေ့ခံစားနေကြရပြီဖြစ်သည်။ ထိုထိုသော စေတနာလမ်းများ အဆက်မပြတ် ဖောက်လုပ်ပေးမှုများသည် နိုင်ငံတော်က ပြည်သူများအတွက် လမ်းခင်းပေးနေသော စေတနာပန်းများသာ ဖြစ်သည်။

သွားလမ်းသာ၍ လာလမ်းဖြောင့်နေသည့် မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးကွန်ရက်တိုးတက်ဖြစ်ပေါ်မှုများသည်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က အခြေခံအုတ်မြစ်ကောင်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးနေခြင်းပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တက်ရောက်၍ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ၂၉

၂၀၀၈ ခုနှစ် (၁၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပွဲစဉ်အလိုက် ဆုရရှိသူများအား ဌာနချုပ်မှူးနှင့် တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိကြီးများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)



## အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ယခင် မက်သဒစ်အင်္ဂလိပ် ဟိုက်စကူး(MEHS) အထက (၁) ဒဂုံ၌ ၁၉၅၄ ခုနှစ်မှ ၁၉၇၈ ခုနှစ် အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ကဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁၀ရက်(စနေနေ့) နံနက် ၉ နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ပူဇော်ပွဲကန်တော့ကြမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်မောင် ဖုန်း- ၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း- ၀၉ ၅၀၀၈၇၅၀၊ ဦးထူးအောင်ကြီး ဖုန်း- ၀၉၅၁၂၁၈၁၈၊ ဒေါ်ခင်သန်းမူ ဖုန်း- ၅၄၅၇၄၆၊ ဒေါ်စန်းစန်း ဖုန်း- ၀၉ ၅၀၁၇၁၉၆၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း- ၀၉ ၉၉၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း- ၅၅၄၀၃၉၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ရီစလင်းလှ ဖုန်း- ၅၆၆၆၅၂၊ ဒေါ်ဝေမာဝင်း ဖုန်း- ၀၉၈၀၃၂၂၂၁၊ ဒေါ်ထားချို ဖုန်း- ၅၃၄၇၈၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် လေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ဦးစီးသည့် အမျိုးသမီးရေးရာ ငယ်ရွယ်အဖွဲ့ဝင် ကျောင်းသူများသည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

### အင်အား ၁၅၀

အဆိုပါ လေ့လာရေးအဖွဲ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ငယ်ရွယ်အဖွဲ့ဝင် ကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀ ပါဝင်ကြသည်။

### ရှင်းလင်း

ရှေးဦးစွာ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် ပြတိုက်မှူး ဒုတိယရဲမှူး ကျော်ဇောမြင့်နှင့် လက်ထောက်ပြတိုက်မှူး ဒုတိယရဲမှူးအောင်နိုင်တို့က မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။**(အောက်ပုံ)**

### ပြသထား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ ငယ်ရွယ်အဖွဲ့ဝင် ကျောင်းသူများအား ပြတိုက်မှူးနှင့် ဒုတိယပြတိုက်မှူးတို့က အဖွဲ့နှစ်ဖွဲ့ခွဲကာ ပြတိုက်အတွင်း ပြသထားသော မူးယစ်ဆေးဝါး အန္တရာယ်ပညာပေးပြကွက်များကို လိုက်လံရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)



## တောင်တက်အဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံတက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်း၏ (၁၃)ကြိမ်မြောက် ဂုဏ်ထူးဆောင် နာယကများ ပူဇော်ပွဲနှင့် တောင်တက် အဖွဲ့ဝင်များအားဂုဏ်ပြုပွဲကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံတက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဦးမျိုးသန့်က ဂုဏ်ပြုစကားပြောကြားပြီး မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် ဥက္ကဋ္ဌ(ဟောင်း) ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က အမှာစကား ပြောကြားသည်။ ထို့နောက် ဂုဏ်ထူးဆောင်နာယကများအား ကန်တော့ကြပြီး ဂုဏ်ထူးဆောင် နာယကတစ်ဦးက ဆုပေးဩဝါဒစကားချီးမြှင့်သည်။

ဆက်လက်၍တောင်တက်အဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကျင်းပရာ ၂၀၀၇-၂၀၀၈ ခုနှစ် ချင်းပြည်နယ် တောင်တက်ခရီးစဉ်၊ ၂၀၀၈ ခုနှစ် ဧပြီလ ကချင်ပြည်နယ် ဖုန်ဂန်ရာဇီတောင်တက်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုများနှင့် နာဂစ်လေဘေးကယ်ဆယ်ရေး၌ ခြောက်လတိုင်တိုင် စွမ်းစွမ်းတမံ ကူညီခဲ့သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ (သတင်းစဉ်)

## ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

၁၉၈၂ခုနှစ်(တတိယနှစ်)နှင့် ၁၉၈၃ ခုနှစ်(စတုတ္ထနှစ်) ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ၏ ငွေရတုအထိမ်းအမှတ် ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁၆) ချော်တွင်းကုန်း ဦးထွန်း ငြိမ်းလမ်းနှင့် ပါရမီလမ်းထောင့်ရှိ WAA (ယခင် KYK) စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ထည့်ဝင်လိုသူများသည် ကိုဉာဏ်ဝင်း-မသန္တာအေး ဖုန်း- ၇၂၂၀၇၂၊ ကိုအောင်မိုး-မမူမူရှိန် ဖုန်း- ၂၂၅၃၀၇၊ ကိုကျော်ဦးလွင်-မခင်ဝါဇော် ဖုန်း- ၃၈၆၅၉၆၊ မစန်းယုမေ ဖုန်း- ၀၉- ၅၀၅၇၉၄၅၊ ကိုတင်အောင်ဝင်း ဖုန်း- ၂၄၀၀၅၄၊ မအေးအေး(ပိစိ) ဖုန်း- ၅၀၀၈၂၃၊ မချိုချိုအေး ဖုန်း- ၀၉- ၅၁၈၆၄၀၃၊ ကိုသိန်းပိုင် ဖုန်း- ၀၉- ၅၁၅၅၆၁၄၊ ကိုမျိုးသန့် ဖုန်း- ၀၉- ၅၀၁၃၃၁၆၊ ကိုဒေဝ ဖုန်း- ၀၉- ၅၃၂၁၉၈၉ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

❁ **ရွှေဖုံးမှ**

ဋင်းစာအုပ်သည် ကျွန်တော်တို့ သိသော သမိုင်း (History)မျိုး မဟုတ်ဘဲ ခေတ်အဆက်ဆက် လူသားများ၏ တိုးတက်ဖြစ်ထွန်းလာသော အတွေးအခေါ်များ အကြောင်းကို ဇောင်းပေးဖော်ပြသော အတွေးအခေါ် သမိုင်းစာအုပ် ဖြစ်သည်။

"လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ" စာအုပ်အား ဘာသာပြန်သူ စာရေးဆရာ လှိုင်သင်းသည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၇၁ ခုနှစ်တွင် အင်ဂျင်နီယာဘွဲ့(မြို့ပြ) ရရှိသည်။ ၁၉၇၂ခုနှစ်တွင် တပ်မတော်(ကြည်း) အင်ဂျင်နီယာတပ်ဖွဲ့တွင် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၉၉ခုနှစ်တွင် ဗိုလ်မှူးချုပ်အဆင့်သို့ ရောက်ရှိခဲ့သည်။ အမည်ရင်း ဗိုလ်မှူးချုပ်ဝင်းမြင့်ဖြစ်သည်။ စာပေရေးသားမှုအနေဖြင့် ၁၉၉၈ခုနှစ်တွင် မိုင်းစစ်ဆင်ရေး Landmine Warfare စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် စစ်အင်ဂျင်နီယာတစ်ဦး၏ အမှတ်တရများနှင့် အခြား ဝတ္ထု ဆောင်းပါးများစာအုပ်၊ အနန္တစကြဝဠာ၊ တွင်းနက်နှင့် စူဋစကြဝဠာစာအုပ်တို့ကို ရေးသားခဲ့ပြီး ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ(ဘာသာပြန်သုတစာပေ) ဆုကို "စစ်ဘက်ခေါင်းဆောင်မှု၏ မျက်နှာဖုံး" စာအုပ်ဖြင့် ရရှိခဲ့သည်။ စာရေးဆရာသည် အင်ဂျင်နီယာတစ်ဦး ဖြစ်သော်လည်း ယခုကဲ့သို့ ဒဿနိကဗေဒနှင့်ဆိုင်သော အတွေးအခေါ်၊ လူ့ယဉ်ကျေးမှုသမိုင်းစာအုပ်ကို ဘာသာပြန်ထားရာ ဤသည်မှာ စာရေးဆရာ၏ထူးခြားမှုတစ်ရပ်ဟု သုံးသပ်မိသည်။

**လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသော အမွေ စာအုပ်ဖြင့် အမျိုးသားစာပေ(ဘာသာပြန်-ရသ) ဆုရ စာရေးဆရာ လှိုင်သင်း-**

*(ဗိုလ်မှူးချုပ်ဝင်းမြင့်)*



## ဆရာဒေါက်တာချစ်

ဆက်လက်၍ ကြေးမုံသတင်းအဖွဲ့သည် အမျိုးသားစာပေ (သုတပဒေသာ-အသုံးချသိပ္ပံ)ဆုရ "ကျေးလက်စီးပွား ပြည်သူ့အား" စာအုပ်ရေးသားသူ ဒေါက်တာချစ် နေထိုင်ရာ သုဝဏ္ဏအိမ်သို့ သွားရောက်ခဲ့ရာ ဒေါက်တာချစ်မှာလည်း ခရီးလွန်နေသဖြင့် ၎င်းရေးသားသော စာအုပ်အား လေ့လာကြည့်ရာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေဆဲကာလတွင် မိရိုးဖလာ လက်မှုလယ်ယာစနစ်ကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ အလေးအနက်ထား လေ့လာကြရန်နှင့် နည်းမှန် လမ်းမှန် ဆောင်ရွက်ပါက ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ရန် အထောက်အကူပြုပုံကို ရည်ရွယ်ရေးသားထားသော တောင်သူလယ်သမားများ လက်ကိုင်ပြုရမည့် စာအုပ်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဒေါက်တာချစ်သည် သမဝါယမဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးတာဝန်မှ အငြိမ်းစားယူပြီး စိုက်ပျိုးရေးနှင့် ပတ်သက်သော စာပေများကို ရေးသားလျက်ရှိရာ လိမ္မော်နှင့် နှစ်ရှည်သီးပင်စိုက်ပျိုးရေး စာအုပ်ဖြင့် ၂၀၀၄ခုနှစ်အတွက် အမျိုးသားစာပေ (သုတပဒေသာ အသုံးချသိပ္ပံ) ဆုကို ရရှိခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ် ရရှိခြင်းဖြစ်သည့်အတွက် ရောက်ရှိနေသောနေရာမှ အမြန်ဆုံး သိနိုင်ရန် မုဒိတာပွားမိပါသည်။

**ကျေးလက်စီးပွား ပြည်သူ့အား စာအုပ်ရေးသားသူ စာရေးဆရာ ဒေါက်တာချစ်။**



## ဆရာမောင်မြင့်ထွန်း

ကြေးမုံသတင်းအဖွဲ့သည် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်လှိုင်၏ ဆက်သွယ်ပေးမှုကြောင့် အမျိုးသားစာပေ(ကလေးစာပေ)ဆုရ "မင်္ဂလာနံနက်ခင်း ကလေးကဗျာများ" ရေးသားသူ မောင်မြင့်ထွန်း(ဦးမြင့်ထွန်း)နှင့်တွေ့ဆုံခဲ့ရာ "ကျွန်တော့်ရဲ့ ကလေးကဗျာများ စာအုပ်ဟာ ပထမဆုံးအကြိမ် ထုတ်ဝေခြင်းဖြစ်ပြီး ပထမဆုံး အမျိုးသားစာပေဆု ရခဲ့တာပါ။ ကလေးတွေ စိတ်ပျော်ရွှင်ကြည်နူးစေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားစေရန်နဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထက်သန်လာစေဖို့ ရည်ရွယ်ပြီးရေးခဲ့ပါတယ်။ စာပေပညာရှင်ပဲဖြစ်ဖြစ်၊ အနုပညာရှင်ပဲဖြစ်ဖြစ် မိမိရဲ့ ပရိသတ်ကို စေတနာနဲ့ အကောင်းဆုံး ရေးသားတင်ဆက်ဖျော်ဖြေပြီး အကောင်းဆုံး ကြိုးစားခဲ့ရင် အကောင်းဆုံးဆုလာဘ်ကို ရရှိမှာမလွဲပါဘူး။ ကလေးစာပေပြုစုရေးသားသူများအနေနဲ့ နည်းလမ်းမှန်ကန်သော ဗဟုသုတပေးဖို့ လိုအပ်သလို ခေတ်နှင့်လျော်ညီသော ဗဟုသုတ၊ ပညာပေးနှင့် ကလေးလူငယ်များ နှစ်ခြိုက်စေသော သရုပ်ဖော်ပန်းချီ ဒီဇိုင်းများဖြင့် ကလေးများ စိတ်ဝင်စားဖွယ်ဖြစ်အောင်ဆွဲဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ အနာဂတ်မှာ လူကြီးဖြစ်လာမယ့် ကလေးတွေကို ယုံကြည်ခြင်းဟာ အနာဂတ်ကို ယုံကြည်ခြင်းဖြစ်ပါတယ်"ဟု ကြေးမုံသို့ ပြောပြသွားသည်။

ကလေးစာပေရေးသားသူ မောင်မြင့်ထွန်းသည် ၁၉၉၀ ပြည့်နှစ်မှ စတင်ပြီး တို့ကျောင်းသား၊ တေဇ ရုပ်စုံ၊ ရွှေသွေးဂျာနယ်၊ မင်္ဂလာ မောင်မယ်ရုပ်စုံ၊ ပန်းမျိုးတစ်ထောင် မဂ္ဂဇင်း၊ အလင်္ကာဝတ်ရည်ဂျာနယ်နှင့် ကလေးသုတစာစောင်များတွင် ရေးသားဖော်ပြခဲ့သော ကဗျာများနှင့် အသစ်ရေးသားသော ကဗျာများ ပေါင်းစပ်၍ ယခုစာအုပ်ကို ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ဆက်လက်၍လည်း ကံ့ကော်ပွင့်သစ် စာစီ စာကုံးစာအုပ်၊ ကလေးဗုဒ္ဓဝင်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ●**



**"လူငယ်ဆရာဝန်များ အနေဖြင့် စိတ်ထားမွန်မြတ်ဖို့၊နှလုံးလှ ဆရာဝန် ဖြစ်ဖို့ ရန် ရည်ရွယ်"**

ဆရာ လက်ာရည်ကျော်



**တိမ်ယံအိပ်မက် မိုးထက်နရီစာအုပ် ရေးသားသူ စာရေးဆရာ ဆူးငှက်။**



**"ကလေးတွေ စိတ်ပျော်ရွှင်ကြည်နူးစေရန်၊ အသိပညာဗဟုသုတများ တိုးပွားစေရန်နဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထက်သန်စေရန် ရည်ရွယ်ပြီး ရေးခဲ့ပါတယ်"**

*အမျိုးသားစာပေ(ကလေးစာပေ)ဆုရ မောင်မြင့်ထွန်း*



**ကြိုးကြာ တောင်ပံခတ်သံ စာအုပ်မျက်နှာဖုံး။**




**ဆရာ သန်းအောင် (အညာမြေ)၏ အမျိုးသားစာပေဆုရ အမေ့အလှ ပန်းအလှ (ကဗျာပေါင်းချုပ်) စာအုပ်မျက်နှာဖုံး။**



**ဆရာနေဝင်းမြင့်၏ အမျိုးသားစာပေဆုရ အိမ်ကလေး ၁၆လုံး (ဝတ္ထုတိုပေါင်းချုပ်) စာအုပ်မျက်နှာဖုံး။**




**မင်္ဂလာနံနက်ခင်း ကလေးကဗျာများစာအုပ် မျက်နှာဖုံးကို တွေ့ရစဉ်။**



**တိမ်ယံအိပ်မက် မိုးထက်နရီ စာအုပ်မျက်နှာဖုံး။**




**ရတနာဂီရိနိဒါန်း စာအုပ်မျက်နှာဖုံးကို တွေ့ရစဉ်။**

## မြတ်ပန်းသဇင်

* ကျောက်လှာထက်တွင် စူးဆောက်တင်
ပေလွှာထက်တွင် ကညစ်တင်
သရွတ်နုတွင် မင်စာတင်
စာဆိုရှင်တို့ကလောင်သွေး၊
ပု, ပင်း, အင်း, တောင်, ညောင်ရမ်းနောင်
ကုန်းဘောင်, နှစ်ခေတ်စာတွေရေး။

* နတ်တော်ဆောင်းလ မြတ်တော်ဝင်၊
စာဆိုရှင် ပုဂ္ဂိုလ်ထူးတို့
ဦးညွှတ်နှစ်စဉ်။
စာပေသည် လူတစ်မျိုး၏
အသက်ဝိညာဉ်ဆိုစကား၊
စာဖတ်သူငါ များတကာ
အသိအလိမ္မာ ဉာဏ်ပညာနှင့်
တိုးတက်ကာ မြင့်မြင့်မား။

* တစ်မျိုးသားလုံးအကျိုးငှာ
စာဆိုရှင်တို့ ရေးသီကုံး၊
ပန်းတကာပန်းတွင် ပန်းဘုရင်
မြတ်ပန်းသဇင်အလှဆုံး။

**ဖိုးရန်နိုင်(ကျောက်ကြီး)**

**✳ ထောတကောမှ**

ပြောကြားပြီး ခြေလျင်တောင်တက်အဖွဲ့ဝင်တစ်ဦးက ဝန်ကြီးများအား ထောတကောရေခဲတောင်ဓာတ်ပုံများကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ထောတကောရေခဲတောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသော ခြေလျင်တောင်တက်အဖွဲ့ဝင်လူငယ်များအား ဆုတံဆိပ်များကို ဂုဏ်ပြုပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ခြေလျင်တောင်တက်အဖွဲ့ဝင်များ ကိုယ်စား အဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့၏ ပူးပေါင်းလှုပ်ရှားမှုအဖြစ် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်အတွင်းရှိ ထောတကောရေခဲတောင်ကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီ မိနစ်၂၀တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း၊ တောင်တက်အဖွဲ့သည် နိုဝင်ဘာ ၅ ရက်တွင် ပူတာအိုမှ ခြေလျင်ခရီးစတင်ခဲ့ရာ နိုဝင်ဘာ ၁၉ရက်တွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ တောင်တက်အဖွဲ့တွင် အဖွဲ့ဝင်စုစုပေါင်း ၂၅ဦး ပါဝင်ပြီး အမျိုးသမီး ၁၀ဦး လိုက်ပါခဲ့ကြောင်း၊ တောင်တက်ခရီးစဉ်အတွင်း အမြင့် ၁၃၆၂၆ ပေတွင် ရေကန်ကြီးတစ်ခုကို တွေ့ရှိခဲ့ပြီး အဆိုပါရေကန်ကြီးသည် အိန္ဒိယ-မြန်မာနယ်စပ်မျဉ်းပေါ်တွင်တည်ရှိကာ ကန်ပတ်လည်သည် တစ်မိုင်ကျော်ရှိကြောင်း၊ ထောတကော ရေခဲတောင်တက်ခရီးစဉ်အဆင်ပြေချောမွေ့ အောင်မြင်နိုင်ရေးအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က လိုအပ်သည်များကို အားပေးကူညီ ပံ့ပိုးပေးခဲ့ကြကြောင်း၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိက အလှူရှင်များကလည်း အလှူငွေများ ထည့်ဝင်လှူဒါန်းအားပေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်လူငယ်များသည် (၂၀၀၁၊ ၂၀၀၂ နှင့် ၂၀၀၆) ခုနှစ်တို့တွင် အမြင့်ပေ ၁၁၅၀၀ရှိသော ဖုန်ကန်ရေခဲတောင်ကို လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် အမြင့်ပေ ၁၃၃၅၀ ရှိသော အိမောဘွန်းရေခဲတောင်ကို လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အမြင့်ပေ ၁၂၂၅၀ ရှိသော စာရာမေတိရေခဲတောင်ကို လည်းကောင်း၊ ၂၀၀၄ခုနှစ်တွင်အမြင့်ပေ ၁၄၀၉၀ ရှိသော ဖန်ဂရန် ရေခဲတောင်ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် အမြင့်ပေ၁၅၀၀၀ကျော်ရှိသော မဒွယ်ရေခဲတောင်ကို လည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် ခရီးမိုင် ၃၀၀ နီးပါးရှိသော တဟွန်ဒမ်းခရီးရှည်ကို လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အမြင့်ပေ ၁၄၁၀၀ ရှိသော ဖုန်ရင်ရေခဲတောင်ကို လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် အမြင့် ၁၅၁၄၆ ပေရှိသော ထောတကော ရေခဲတောင်တို့ကို လည်းကောင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်

"International Day of Disabled Persons"

"ဂုဏ်သိက္ခာနှင့် တရားမျှတမှု လူတိုင်းအတွက် ဒို့ရှေး၍"

"Dignity and Justic for all of us"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန




# မြန်မာနိုင်ငံ စာစစ်အဖွဲ့မှတက္ကသိုလ်ဝင်

## ကျောင်းသား ကျောင်းသူများအတွက်စာအုပ်ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံစာစစ်အဖွဲ့က ၂၀၀၈ခုနှစ် ပြည်နယ်နှင့်တိုင်းများတွင်စစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းများနှင့် အဖြေများ (ဓာတုဗေဒ၊ ရူပဗေဒ၊ဇီဝဗေဒ)ဘာသာတွဲစာအုပ်ကို ဆက်လက်ထုတ်ဝေဖြန့်ချိလိုက်သည်။**(ဓါတ်ပုံ)**

အဆိုပါ စာအုပ်တွင် သက်ဆိုင်ရာ တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများကိုယ်တိုင် ဖြေဆိုချက်များကို အမှတ်ပေး စည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားသော စာအုပ်ဖြစ်ပြီး ကျန်ဘာသာတွဲများဖြစ်သော (ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ)နှင့် (ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) စာအုပ်များကိုလည်း ဆက်လက်ထုတ်ဝေ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆေးတက္ကသိုလ်(၂) ၁၉၆၉-၁၉၇၆ သတ္တမအကြိမ်မြောက်

## အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ ၁၉၆၉-၁၉၇၆ ခုနှစ်အတွင်း ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ကျေးဇူးရှင်ဆရာ၊ ဆရာမများအားလုံးကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ Traders Hotel ၌ ကန်တော့ကြပြီး ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၇ရက် ညနေ ၆နာရီတွင် မိတ်ဆုံစားပွဲကို Excel Tower ၌ ကျင်းပမည်ဖြစ်သည်။

ဆရာ၊ ဆရာမများထံ ဖိတ်စာပေးပို့မည်ဖြစ်သော်လည်း မရောက်ရှိပါက ကန်တော့ခံ ကြွရောက်ပေးပါရန်၊ ကျောင်းသား၊ကျောင်းသူအားလုံး တက်ရောက်ပေးရန်နှင့် အသေးစိတ် သိရှိလိုပါကလည်းကောင်း၊အလှူငွေပေးပို့လိုပါကလည်းကောင်း၊ ဒေါက်တာ ဒေါ်လှကြင် ဖုန်း-၀၁-၃၈၄၄၉၆၊ ၀၉-၅၀၁၂၄၈၈၊ ဒေါက်တာဒေါ်ချိုချို ဖုန်း-၀၁-၆၈၇၄၀၉၊ ၀၉-၅၁၃၇၉၆၉၊ ဒေါက်တာဒေါ်စီစီမာ ဖုန်း-၀၁-၄၀၀၁၄၇၊ ၀၉-၈၀၂၅၁၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ့(စ်) မြန်မာ့ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-12 ရှိ Yetagun Platform "A "တွင် Yetagun Phase 4 Infill Drilling Operations ရေနံတွင်း တူးဖော်ရေးလုပ်ငန်းများကို ရေနံတွင်းတူးစက် Teknik Berkat ဖြင့် ၂၀၀၈ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၉ခုနှစ် မေလခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် Teknik Berkat ဖြင့် တူးဖော်မည့်ရေနံတွင်း၏ တည်နေရာမှာ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၀၂မိနစ်၅၇ ဒသမ ၅၄၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၅၂မိနစ် ၀၇ ဒသမ ၇၄၂၉ စက္ကန့်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-12 ရှိ Yetagun Platform "A "တွင် Yetagun Phase 4 Infill Drilling Operations ရေနံတွင်း တူးဖော်ရေးလုပ်ငန်းများကို ရေနံတွင်းတူးစက် Teknik Berkat ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ(၄)ကီလိုမီတာ ပတ်လည်တွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာ ထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

**● စာမျက်နှာ ၃ မှ**

ကဗျာဥယျာဉ် စသည့် ကလေးစာပေနှင့် ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်း (လူငယ်စာပေ)များ ပြုစုရေးသားလျက်ရှိပြီး ဒါးပိန်မြို့ မအူစုရပ်ကွက် မြို့ပတ်မာန်အောင်လမ်း အမှတ် (၅၀၃)တွင်ဇနီး၊ သမီးနှစ်ယောက်နှင့် အတူနေထိုင်လျက်ရှိသည်။

### ဆရာလက်ာရည်ကျော်

ဆက်လက်ပြီး အမျိုးသားစာပေ (လူငယ်စာပေ)ဆုရ "ကြိုးကြာတောင်ပံခတ်သံ" စာအုပ်ရေးသားသူ လက်ာရည်ကျော်(ဒေါက်တာရဲမြင့်ကျော်)အား ဆက်သွယ်ခဲ့ရာ စာပေ ရေးရာနှင့်ပတ်သက်၍ ပြောကြားရာတွင် "မိမိသည် ၁၉၈၅ ခုနှစ်တွင် အမ်ဘီဘီအက်စ်ဘွဲ့ရပြီး တစ်ဖက်က ဆေးကုသခြင်းအပြင် ဒေါက်တာရဲ ကလောင်အမည်ဖြင့် ကလေးကျန်းမာရေး ဆေးဆောင်းပါးများ ရေးသားခဲ့ကြောင်း၊ ဝတ္ထုတိုအနေဖြင့်ပုဒ်ရေ၆ဝကျော် ရေးသားပြီး ဖြစ်ကြောင်း၊ ယခုစာအုပ်သည် Family မဂ္ဂဇင်းတွင် အခန်းဆက်ဖော်ပြပါရှိသော ဝတ္ထုများကို စုစည်း၍ ပထမဆုံးအကြိမ် လုံးချင်းဝတ္ထု အဖြစ် ထုတ်ဝေခြင်း ဖြစ်ကြောင်း၊ လူငယ်ဆရာဝန်များအနေဖြင့် စိတ်ထားမွန်မြတ်ဖို့၊ နှလုံးလှဆရာဝန်ဖြစ်ဖို့ရန်နှင့် လေးစားဂုဏ်ယူထိုက်သော ဆရာဝန်ကြီးများ၏ နည်းနာနိဿယများကို ခံယူကျင့်သုံး၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်၍ တကယ့်လက်တွေ့ အဖြစ်အပျက်များနှင့် ဇာတ်အိမ်ဖွဲ့ရေးသားထားသော စာအုပ်ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ် အမျိုးသားစာပေဆု ရရှိခြင်းဖြစ်ကြောင်း"ပြောပြသွားသည်။

စာပေဆုရရှိခြင်းနှင့်စပ်လျဉ်း၍ခံစားချက်ကိုမေးမြန်းကြည့်ရာ"မိမိအနေဖြင့် ၁၉၉၈ ခုနှစ်တွင် ဆရာဝန်များ အထူးမျှော်လင့်သော တော်ဝင်သမားတော်ဘွဲ့ကိုရရှိခဲ့ကြောင်း၊ ထိုအချိန်ကခံစားခဲ့ရသော ဝမ်းသာပီတိထက်ပင် ယခုကဲ့သို့ အမျိုးသားစာပေဆု ထပ်မံရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိကြောင်း၊ ဆုရွေးချယ်ပေးတဲ့ စာပေပညာရှင်များကိုလည်း ကျေးဇူးတင် ဂါရဝပြုပါကြောင်းဖြင့်" ပြောကြားသွားသည်။

### ဆရာဆူးငှက်

ထို့နောက်အမျိုးသားစာပေ(ဝတ္ထုရှည်)ဆုရ"တိမ်ယံအိပ်မက် မိုးထက်နရီ" စာအုပ်ရေးသားသူ စာရေးဆရာဆူးငှက် (အမည်ရင်း ဦးကျော်ဆန်း)အား မန္တလေးသို့ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ပါသည်။ ဆူးငှက်၏ 'တိမ်ယံအိပ်မက် မိုးထက်နရီ' ဝတ္ထုရှည်ကို 'လင်းလွန်းခင်' စာပေမှ ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ယင်းဝတ္ထုရှည်ကို ရွှေအမြုတေမဂ္ဂဇင်းတွင် ၁၁လတိုင် ဖော်ပြပါရှိခဲ့ပြီးနောက် ၂၀၀၇ခုနှစ် မေလတွင် ကျင်းပသော ဒုတိယအကြိမ်မြောက် ရွှေအမြုတေ စာပေဆုပေးပွဲအခမ်းအနားတွင် ၂၀၀၆ခုနှစ်အတွက် ရွှေအမြုတေစာပေဆု၊ (အခန်းဆက်ဝတ္ထုရှည်)အဖြစ် ချီးမြှင့်ခံခဲ့ရပြီး ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိခဲ့ခြင်းဖြစ်သည်။

'တိမ်ယံအိပ်မက် မိုးထက်နရီ'ဝတ္ထုရှည်သည် စာရေးသူ၏ ၁၆အုပ်မြောက် စာအုပ်ဖြစ်ပြီး ပထမဆုံး လုံးချင်းဝတ္ထုရှည်လည်းဖြစ်သည်။ ယခုဝတ္ထုရှည်တွင် ၁၉၅၂ ခုနှစ်ဝန်းကျင်မှ ၁၉၆၀ ဝန်းကျင်ကာလအထိ မန္တလေးမြို့နှင့် စစ်ကိုင်းတောင်ရိုးတို့ကို နောက်ခံထား ရေးဖွဲ့ခြင်းဖြစ်ရာ ထိုအချိန်က ထွန်းကားခဲ့သော မြန်မာ့မဟာဂီတအပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဖိုးတန်အမွေအနှစ်များကို ကမ္ဘာ့ 'နား'၊ ကမ္ဘာ့ 'မျက်စိ'သို့ရောက်အောင် ကနဦးလမ်းဖောက်ခဲ့ကြသည့် ပုံရိပ်များနှင့်အတူ 'အစဉ်အလာနှင့် တီထွင်မှု' အချိုးညီပေါင်းစပ်ပြီး 'ကမ္ဘာကြည့်' ဂီတအဖြစ် ကြိုးပမ်းခဲ့သော မန္တလေးသားလူငယ်များနှင့် ထိုလူငယ်များ စုစည်းတည်ထောင်ခဲ့သော 'မဟာဂီတဆည်းပူး၊ ကမ္ဘာသုံးတူရိယာသင်ကြား ကမ္ဘာ့နှလုံးသားပို့' ဟူသည့် အုတ်မြစ်ကို အခြေခံခဲ့သည့် သက်တော်ရှည် တူရိယာအသင်းကြီး၏ ပုံရိပ်များကိုလည်း ပေါင်းစပ်ကာ ဇာတ်အိမ်ဖွဲ့ရေးသားထားခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ခဲ့ကြသည့် လူငယ်များ၏ မြင့်မားသော စိတ်ကူးစိတ်သန်းရည်ရွယ်ချက်များမှာ 'တိမ်ယံအိပ်မက်' ဖြစ်သလို ထိုစိတ်ကူးစိတ်သန်း လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ခဲ့ကြသည့် ထိုခေတ်က ပညာတတ်လူငယ်များနှင့် မြို့မတူရိယာအသင်းကြီး၏ စည်းစနစ်ကျကျနှင့် ဖြည်းဖြည်းမှန်မှန်ဆောင်ရွက် အကောင်အထည်ဖော်မှုကိုလည်း 'မိုးထက်နရီ' ဟု ပုံရိပ်ဖော်ဆောင်ခဲ့သည်ဟု စာရေးသူကဆိုပါသည်။

ပရိသတ်၏ အားပေးမှုနှင့်အတူ နိုင်ငံတော်က ချီးမြှင့်သည့် အမျိုးသားစာပေဆု ရရှိခြင်းအပေါ် စာရေးသူက ဝမ်းမြောက်စကားဆိုခဲ့သည်။

### ဆရာမောင်သန်းဆွေ(ထားဝယ်)

ထိုမှတစ်ဖန် အမျိုးသားစာပေ(သုတပဒေသာ-ဝိဇ္ဇာ)ဆုရ ရတနာဂီရိနိဒါန်း စာအုပ်ရေးသားသူ မောင်သန်းဆွေ (ထားဝယ်)အား ၎င်းနေထိုင်ရာ ထားဝယ်သို့ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ပါသည်။

ဆုရရှိခဲ့ခြင်းနှင့်စပ်လျဉ်းပြီးပြောကြားရာတွင် "စာရေးဆရာတစ်ယောက်အနေနဲ့ အမျိုးသားစာပေဆုကို ပထမဆုံးအကြိမ် ရရှိခြင်းဟာ စာပေမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခြင်းဖြစ်သလို စာရေးဆရာဘဝရောက်အောင် တွန်းအားပေးခဲ့တဲ့ ဆရာမြသန်းတင့်၊ ဆရာချစ်ဝင်းမောင်တို့ကို ကျေးဇူးတင်ရှိကြောင်း၊ ယခုစာအုပ်ရေးသားနိုင်အောင် အချက်အလက်များ ပြောပြပေးသော တော်ဘုရားလေးမိသားစု၊ ရှေးဟောင်းသုတေသနဌာန အငြိမ်းစားအရာရှိ ဦးစိန်မောင်ဦး၊ ဒဂုန်ခင်ခင်လေး၊ ရွှေပြည်ဦးဘတင်တို့အား ကျေးဇူးတင်ရှိပါကြောင်း၊ စာပေဆုရွေးချယ်သော စာပေပညာရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း" ဖုန်းဖြင့်ပြောကြားပေးခဲ့သည်။

စာရေးဆရာ မောင်သန်းဆွေ(ထားဝယ်)၏ "ရတနာဂီရိနိဒါန်း"စာအုပ်သည် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် ၂၀၀၂ ခုနှစ်မှစပြီး အခန်းဆက်ဖော်ပြထားသော ဝတ္ထုဖြစ်သည်။ သီပေါမင်း ပါတော်မူပြီးနောက် မဒရပ်သို့၊ ထိုမှသည် ရတနာဂီရိသို့ ရောက်သည်မှ နတ်ရွာစံ ကံတော်ကုန်သည်အထိ အဖြစ်အပျက်များကို နောင်လာနောက်သားများ သိစိမ့်သောငှာ သမိုင်းအထောက်အထားခိုင်ခိုင်မာမာ ပြည့်ပြည့်စုံစုံ ရှာဖွေစုဆောင်း၍ တင်ပြထားသော စာအုပ်ဖြစ်သည်။ ဆရာမောင်သန်းဆွေ(ထားဝယ်) ၏ ကုန်းဘောင်အလွန် စာအုပ်မှာလည်း ဆရာတစိုက်မတ်မတ်ပြုစုခဲ့သော ကုန်းဘောင်ခေတ်နောက်ပိုင်း သမိုင်းကွင်းဆက်များကို ဖော်ထုတ် ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့အနေဖြင့် အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များအား တစ်ယောက်မကျန် တွေ့ဆုံမေးမြန်းနိုင်ရန် ကြိုးစားခဲ့သော်လည်း ဆရာနေဝင်းမြင့်နှင့် ဆရာသန်းအောင်(အညာမြေ)တို့အား တွေ့ဆုံခွင့်မရခဲ့၍ ဆုရစာအုပ်မျက်နှာဖုံးပုံများကိုသာ ဖော်ပြပေးနိုင်ခဲ့ပါသည်။

၂၀၀၇ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များနှင့်၎င်းတို့၏ နိုင်ငံ့အကျိုးပြုစာပေစွမ်းဆောင်မှုတို့ကို ထင်ဟပ်ဖော်ပြလိုက်ခြင်းဖြင့် စာပေလောကသားများအားလုံး စာပေအကျိုး ရွက်သယ်ပိုးရင်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စာပေလက်နက်ဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ကြိုးပမ်း တိုးတက်ထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်မိပါသည်။ ။

## အီရတ်သို့မသွားလိုသည့် အမေရိကန်စစ်ပြေး ဂျာမနီတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံ

**ဖရန့်ဖွတ် နိုဝင်ဘာ ၂၉**

အီရတ်စစ်မြေပြင်သို့ နောက်တစ်ကြိမ် ပြန်လည်သွားရောက် ထမ်းဆောင်ရခြင်းမှ ရှောင်လွှဲသည့်အနေဖြင့် ၎င်း၏တပ်မှထွက်ပြေးလာသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် ဂျာမနီနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံသည်။

၎င်းက အီရတ်စစ်ပွဲ ဆင်နွှဲနေခြင်းသည် တရားမဝင်ကြောင်း၊ အလွန်ယုတ်မာသော အပြုအမူများကို မထောက်ခံနိုင်တော့ကြောင်း ပြောကြားသည်။

အင်ဒရူးစီးပတ်၃၁နှစ်သည်အီရတ်နိုင်ငံတွင် ၂၀၀၄ ခုနှစ် စက်တင်ဘာမှ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီအထိ အပါချီ ရဟတ်ယာဉ်စက်ပြင်ဆရာတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ယမန်နှစ်က သူ၏တပ်မှထွက်ပြေးလာပြီးကတည်းက ဂျာမနီနိုင်ငံတွင် နေထိုင်လျက်ရှိသည်။

စက်သေနတ်ဖြင့် ပစ်လိုက်သဖြင့် လူများမှာ မွစာကြဲသွားအောင် စုတ်ပြတ်သွားကြောင်း၊ ဟဲဖားဒုံးကျည်ဖြင့်ပစ်လိုက်သဖြင့် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားကြောင်း ဖတ်လိုက်ရ၊ ကြားလိုက်ရသဖြင့် သူလုပ်ကိုင်ခဲ့သော အလုပ်များကို အလွန်ရှက်မိကြောင်း စီးပတ်က ဖရန့်ဖွတ်တွင် နိုဝင်ဘာ ၂၇ ရက်နေ့က ကျင်းပသော သတင်း စာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

စီးပတ်သည် အမေရိကန်ပြည်ထောင်စု အိုဟိုင်းအိုးပြည်နယ်၊ ကလီဗီလင်းတွင် မွေးဖွားခဲ့သူဖြစ်ပြီး ကြည်းတပ်တွင် အထူးတပ်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုဝင်ဘာ ၂၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဂျာမနီနိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ကြောင်း၊ ၎င်းအား အကူအညီပေးနေသော စစ်ဘက်မှ မဟုတ်သော စစ်ဘက်အကျိုးဆောင်အဖွဲ့မှတင်ဟူးဘားက ပြောကြားသည်။ အမေရိကန်စစ်ဘက်ဆိုင်ရာ ဥပဒေအရ စစ်ဖြစ်နေချိန်အတွင်း မိမိတပ်မှ ထွက်ပြေးသွားသော တပ်ဖွဲ့ဝင်များသည် သေဒဏ်အထိ အပြစ်ပေးခံရနိုင်သည်။ ***အမ်အမ်အေ၊ရိုက်တာ။***

## အီရတ်၌ ဖောက်ခွဲရေးသမား ၁၈ ဦး လာရောက်အဖမ်းခံ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၉**

အီရတ်နိုင်ငံတွင် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နှင့် ဆက်သွယ်လုပ်ကိုင်နေသော အသေခံဗုံးဖောက်ခွဲသမား ၁၈ဦးတို့က ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အမေရိကန်တပ်ဖွဲ့သို့ ၎င်းတို့ကိုယ်တိုင် လာရောက်အဖမ်းခံကြကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။ နိုဝင်ဘာ၂၆ရက်က လာရောက်အဖမ်းခံရသူများသည် တိုက်ခိုက်မှုများရပ်စဲရန် ဝန်ခံကတိပြုသဘောတူခဲ့ပြီး အီရတ်အစိုးရအား ၎င်းတို့ထောက်ခံသည်ကို ကြေညာကြောင်း အဆိုပါစစ်ဘက်က ထည့်သွင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်ဒေသတွင် လမ်းဘေးဗုံးထိမှန်မှုကြောင့် ပျက်စီးသွားသောယာဉ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## တာလီဘန် ပြောရေးဆိုခွင့်ရှိသူဟောင်း အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ အသတ်ခံရ

**ကဘူး နိုဝင်ဘာ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နင်ဂါဟာပြည်နယ်တွင် နိုဝင်ဘာ ၂၇ ရက် ညပိုင်းက အမည်မသိ သေနတ်သမားများပစ်ခတ်မှုကြောင့် တာလီဘန် ပြောရေးဆိုခွင့်ရှိသူဟောင်း ဒေါက်တာဟာနစ် သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်း စစ်ဆေးလျက်ရှိကြောင်း ခရိုင်တာဝန်ရှိသူကပြောကြားပြီး ဒေါက်တာဟာနစ်အား ပစ်ခတ်သူမှာ တာလီဘန် စစ်သွေးကြွများဖြစ်သည်။ ဒေါက်တာဟာနစ်မှာ နင်ဂါဟာပြည်နယ် မြို့တော်ဂျာလာလာဘတ်အကျဉ်းထောင်မှ မကြာသေးမီအချိန်က ပြန်လည်လွတ်မြောက်ခဲ့သူဖြစ်သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

## နိုင်ငံတကာ သတင်းများ



အာဖဂန် နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားရာ နေရာ၌ တာဝန်ရှိသူများက စစ်ဆေးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အီရတ်မြောက်ပိုင်းတွင် အသေခံဗုံးခွဲမှု နှစ်နေရာဖြစ်ပွား

**မိုဆူး နိုဝင်ဘာ ၂၉**

အီရတ်နိုင်ငံ နင်နီဗားပြည်နယ် မြို့တော်မိုဆူးတွင် နိုဝင်ဘာ ၂၇ ရက်က အီရတ်ရဲတပ်ဖွဲ့ကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲ တိုက်ခိုက်ရာ နှစ်ဦးထက်မနည်း သေဆုံးပြီး ၃၃ ဦးကျော် ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။မိုဆူးမြို့လယ် မန်ဆော့ရပ်ကွက်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့အား အသေခံကားဗုံးခွဲ တိုက်ခိုက်ရာ အရပ်သားနှစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင် ၁၆ ဦး အပါအဝင် ၂၈ ဦး ဒဏ်ရာရရှိကြောင်း ယင်းတပ်ဖွဲ့က ပြောကြားသည်။အလားတူ မိုဆူးမြို့လယ် ဒါဝါဆာရပ်ကွက်ရှိ ပြည်နယ်အစိုးရအဖွဲ့ အဆောက်အအုံအပြင်ဘက်တွင် ရဲတပ်ဖွဲ့စောင့်ကြပ်နေစဉ် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ငါးဦးဒဏ်ရာရရှိကြောင်း ၎င်းတို့က ပြောကြားသည်။ ***အင်တာနက်။***

# မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှု ပြီးဆုံးပြီ

**မွမ်ဘိုင်း နိုဝင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ တပ်ချ်မဟာဟိုတယ်တွင် ပုန်းအောင်းနေသော နောက်ဆုံးကျန်ရှိနေသည့် စစ်သွေးကြွလက်နက်ကိုင်များကို ကွန်မန်ဒိုအထူးတပ်ဖွဲ့များက နှိမ်နင်းလိုက်ခြင်းဖြင့် ၁၉၅ ဦးသေဆုံးခဲ့ရသည့် နာရီ ၆၀ ကြာ အကြမ်းဖက်တိုက်ခိုက်မှုကြီး စနေနေ့နံနက်ပိုင်းတွင် အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။

စနေနေ့နံနက် အရုဏ်တက်ပြီးနောက် အိန္ဒိယတပ်ဖွဲ့ဝင်များသည် ဂျူးဗဟိုဌာနအား ဝင်ရောက်စီးနင်းရာ ဓားစာခံကိုးဦး၏ရုပ်အလောင်းများကို တွေ့ရှိရကြောင်း၊ အကြမ်းဖက်သမားသုံးဦးကိုလည်း ချေမှုန်းနိုင်ခဲ့ကြောင်း အိန္ဒိယလုံခြုံရေးအစောင့်တပ်ကွန်မန်ဒိုတပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဂျေကေဒတ်က ပြောကြားသည်။ အိန္ဒိယသမိုင်းတွင် အဆိုးရွားဆုံးသော အကြမ်းဖက်တိုက်ခိုက်မှုကြီးတစ်ခု ပြီးဆုံးသွားပြီးနောက် ထိုတိုက်ခိုက်မှု၏နောက်ကွယ်တွင် မည်သူရှိသနည်းဆိုသည့်အပေါ် အိန္ဒိယအာဏာပိုင်များက အာရုံရွှေ့ပြောင်းလာခဲ့ကြသည်။

စောစောပိုင်းက လူသိထင်ရှားခြင်းမရှိသော မူဆလင်အုပ်စုတစ်စုက ၎င်းတို့လက်ချက်ဖြစ်ကြောင်းကြေညာခဲ့သည်။ ယင်းအပြင် အကြမ်းဖက်သမားများထဲမှ နှစ်ဦးသည် ဗြိတိန်မွေးပါကစ္စတန်လူမျိုးများဖြစ်သည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း နိုင်ငံခြားရေးဝန်ကြီးရုံးက ဖြစ်နိုင်ခြေရှိသော်လည်း အထောက်အထားမတွေ့ရဟုဆိုသည်။

လွတ်မြောက်သွားသော အကြမ်းဖက်သမားတစ်ဦးသည် ပါကစ္စတန်နိုင်ငံမှဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားပြီး ၎င်းနိုင်ငံအား လက်ညှိုးထိုးအပြစ်တင်သည်။ ပါကစ္စတန်နိုင်ငံက ၎င်းတို့ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ပြောဆို၍ စုံစမ်းစစ်ဆေးရေးတွင် ကူညီမည်ဟု ကတိပြုသည်။ အက်ဖ်ဘီအိုင်မှ အဖွဲ့တစ်ဖွဲ့ကိုလည်း ကူညီစုံစမ်းရန် အိန္ဒိယသို့ စေလွှတ်ထားသည်။

သုံးရက်ကြာ အကြမ်းဖက်တိုက်ခိုက်မှုတွင် မွမ်ဘိုင်းတစ်မြို့လုံး၌ ယခုအထိသေဆုံးသူ ၁၉၅ ဦးရှိရာ ဟိုတယ်မှ လူသေအလောင်းများ ဆက်လက်သယ်ထုတ်နေသဖြင့် ထိုအရေအတွက်ထက် ပိုမိုလာဖွယ်ရာရှိသည်ဟု တာဝန်ရှိသူများကပြောသည်။

သေဆုံးသူများတွင် အမေရိကန်နိုင်ငံသား ခြောက်ဦးပါဝင်ကြောင်း အမေရိကန်သံရုံးကပြောသည်။ အခြားနိုင်ငံခြားသားများမှာ ဗြိတိန်၊ ဂျာမနီ၊ ကနေဒါ၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ တရုတ်၊ ထိုင်း၊ ဩစတြေးလျနှင့် စင်ကာပူတို့မှဖြစ်သည်။ မွမ်ဘိုင်းမြို့ကမ်းခြေအလွန်တွင် လူသေအလောင်းတစ်လောင်းနှင့် အတူမျောနေသော ဆွဲပိုက်ချသင်္ဘောတစ်စင်းသည် အကြမ်းဖက်သမားများ အသုံးပြုခဲ့ခြင်းရှိမရှိကို အိန္ဒိယရေတပ်က စနေနေ့တွင် စုံစမ်းစစ်ဆေးလျက်ရှိသည်။

ထိုသင်္ဘောအမည်မှာ ကူဘာဟုခေါ်ပြီး ကြာသပတေးနေ့က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မွမ်ဘိုင်းသို့ ယူလာခဲ့ပြီဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးမာနိုဟာနာမ်ဘီယာက ပြောသည်။ အိမ်နီးချင်း ဂူဂျာရက်ပြည်နယ်ဆိပ်ကမ်းတစ်ခုမှလာခဲ့ခြင်းဖြစ်မည်ဟု ယုံကြည်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အချို့သော အကြမ်းဖက်သမားများသည် ရော်ဘာလှေတစ်စင်းဖြင့် ရောက်ရှိလာကြသည်ဟု အိန္ဒိယလုံခြုံရေးအရာရှိများက ယုံကြည်ကြသည်။ တိုက်ခိုက်မှုဖြစ်ရာအနီးတွင် အနက်နှင့် အဝါရောင် ရော်ဘာလှေတစ်စင်းကို တွေ့ရသည်။ အိန္ဒိယ ရေတပ်ကွန်မန်ဒိုအဖွဲ့မှ အရာရှိတစ်ဦးက စစ်သွေးကြွများသည် အေကေ၄၇နှင့် လက်ပစ်ဗုံးများကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်သဖြင့် တစ်နေရာရာတွင် အဆင့်မြင့်မြင့် လေ့ကျင့်သင်တန်းပေးထားသူများဖြစ်ကြသည်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသွားသည်။

ဤတိုက်ခိုက်မှုသည် ပါကစ္စတန်ရှိ အဖွဲ့များနှင့် ဆက်နွှယ်နေသဖြင့် ပါကစ္စတန်နှင့် အိန္ဒိယတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားဖွယ်ရာရှိကြောင်း အိန္ဒိယတာဝန်ရှိသူများက ယူဆကြသည်။ ***အင်တာနက်။***



လုံခြုံရေးတပ်ဖွဲ့များက စနေနေ့နံနက်ပိုင်းတွင် နောက်ဆုံးအဖြစ် တပ်ချ်မဟာဟိုတယ်ကို ဝင်ရောက်စီးနင်းစဉ် မီးခိုးလုံးများ၊ မီးတောက်များက ဟိုတယ်ကြီးအား ဖုံးလွှမ်းနေသည်ကို တွေ့ရစဉ်။

စစ်သွေးကြွများက တစ်ခန်းပြီးတစ်ခန်း နိုင်ငံခြားသားများကို ရှာဖွေသည့်အတွက် ၎င်းတို့သည် မှောင်ထဲတွင် ပုန်းအောင်းနေရကြောင်း ထွက်ပြေးလွတ်မြောက်လာသူများက ပြောသည်။



# ကယား သဇင် စာပေခရီး

မောင်ဆုရှင်

လနတ်တော် စာဆိုတော်ပွဲမတိုင်မီ ကျွန်တော်တို့သည် ကယားပြည်နယ်၏ ရင်ခွင်သို့ ခိုဝင်ခဲ့ရသည်။

ပြည်နယ်နှင့် တိုင်း ၁၄ ခုတွင် မရောက်ဖြစ်ဖူးသေးဘဲ တစ်ခုသာကျန်သော ပြည်နယ်ကို ရောက်ရသည်မို့ လက်ခံအားပေးမှု၊ လေ့လာခွင့်ရမှုတို့ကြောင့်လည်း ကယားသဇင်ဒေသကို အမှတ်ရစရာဖြစ်ခဲ့ပါသည်။

မြန်မာ့ခေတ်ပြိုင် စာထဲပေထဲတွင် ကွယ်လွန်သူ စာရေးဆရာ ရောင်နီက "ကယားသဇင် ပွင့်လေလျှင်" ဟူသောအမည်ဖြင့် ဝတ္ထုရှည်ရေးခဲ့ပါသည်။ နောက်တစ်ဦးဖြစ်သည့် စာဆိုတော်နေ့ကန်တော့ခံ သက်ကြီးစာပေ စာရင်းဝင်ဖြစ်နေသော ဆရာညို ဝင်း၏ "နန်းမြာတို့တောင်ပေါ်မှာ"ဟူသော ဝတ္ထုကို ဖတ်ခဲ့ရသည်။ အဆိုတော်မြသန်းထွန်း၏ "လွိုင်ကော်လေဆိပ်ဝယ်"ဟူသော သီချင်းသံကို ပြန်၍ သတိရသည်။

ကျွန်တော်တို့ ပြန်ကြားရေးဌာနခွဲ (ယခုပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)တွင် တာဝန်အဆင့်တစ်ခု ယူခဲ့ရစဉ်က "ကယားပြည်နယ် ခုနစ်စဉ်ကြယ်"ဟူ၍ ပြည်နယ်နှင့် ပြန်ကြားရေးဝန်ထမ်းမိတ်ဆွေများက ထုတ်ဝေသော စာအုပ်ကြီးများအတွက် အကူအညီပေးခဲ့ရသည်ကို မှတ်မိနေသည်။ ထိုစဉ်တစ်ဝိုက်က ကယားပြည်နယ် စာပေကိစ္စဖြင့် ဆက်သွယ်ရသော ဦးကျီးညို၊ ဦးပြေကျော်တို့ကား ယခု မရှိတော့ပြီ။

တစ်ကြိမ်တွင် တာချီလိတ်စာပေခရီး တစ်ခုမှ အပြန် လေယာဉ်က လွိုင်ကော်သို့ဝင်၍ ခရီးသည်တင်ရာတွင် မြေပြင်သို့ ခရီးသည်ဆင်းရန်မလိုသဖြင့် လွိုင်ကော်မြေကို မနင်းခဲ့ရ။

အမှန်စင်စစ်ကျွန်တော်တို့အဖို့ ကယားပြည်နယ်ဆိုသည်ကို လောပိတလျှပ်စစ်ဓာတ်အားပေးစနစ် အမည်နှင့် ယှဉ်လျက်သိရှိနေကြမဲဖြစ်သည်။ ဤစာပေခရီး၌ လွိုင်ကော်နှင့် ၁၂ မိုင်ကွာ လောပိတရေအားလျှပ်စစ် စက်ရုံသို့လည်း ရောက်ရသည်။ ကားပေါ်တွင် လိုက်လံကြီးကြပ် ပို့ဆောင်ပေးသော ဗိုလ်မှူးကြည်ထွန်းဆွေ၏ ကျေးဇူးလည်းပါသည်။ မြို့နယ်စာပေအဖွဲ့မှ ဦးတင်ညွှန့်တို့ ကျေးဇူးလည်းပါသည်။ အင်းလေးဆီမှ မြစ်ဖျားခံလျက် မိုးဗြဲဆည်မှတစ်ဆင့် ဘီလူးချောင်းအတွင်း ပေ ၂၀၀၀ နီးပါး အနိမ့်သို့ စီးဆင်းလာသော ရေစီးအဟုန်ကို ကြည့်ရင်းက ကယားပြည်နယ်သည် ရေစီးအားကို ယူ၍ နိုင်ငံတစ်ဝန်းသို့ လျှပ်စစ်စွမ်းအားကို မပြတ်ပို့လွှတ်ပေးလျက်ရှိသည်။ ကယားပြည်နယ်သည် ပြည်ထောင်စု၏ ပြည်နယ်တစ်ခုအဖြစ်လည်း ခေတ်ရေစီးတွင် ပါဝင်ပြောင်းလဲလျက်ရှိနေသည့်အဖြစ်ကို သဘောပေါက်ခဲ့ရသည်။

စာပေခရီးသွားတို့၏ မူလတာဝန်မှာ စာဖတ်သူတို့နှင့် ဆုံတွေ့ပြောဟောခွင့်ရရှိရန်ဖြစ်သည်။ တွေ့ဆုံဟောပြောရန်မှာလည်း နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့ကို အကြောင်းပြု၍ ခေတ်လူငယ်များ စာဖတ်လိုစိတ်၊ စာရေးလိုစိတ်၊ စာပေကို မြတ်နိုးလေ့လာလိုစိတ် ထက်သန်ရေးအတွက် ရည်ရွယ်ပါသည်။

စာရေးဆရာတို့မှာ အနည်းနှင့်အများ ဒေသန္တရဗဟုသုတ မရှိ၍မဖြစ်။ သို့ဖြင့် ရေးသူနှင့် ဖတ်သူတို့ တွေ့ဆုံရသည်။ကိုယ့်ထက်စော၍ ကယားပြည်နယ်သို့ ရောက်ဖူးသူ စာရေးဆရာတွေကို အမှတ်ရသည်။ ကွယ်လွန်သူ ဆရာသိပ္ပံဗထွေးကား ကယားပြည်နယ်၏ ဖွံ့ဖြိုးမှု နိဒါန်းအစကာလနှင့်ဆိုင်မည်။ ကယားစာပေတီထွင်မှုနှင့် လောပိတ လျှပ်စစ်စွမ်းအားတို့အကြောင်းကို သူရေးခဲ့သည်။ ဆရာသိပ္ပံစိုးလှကား ထိုအချိန်လောက်က လေ့လာရေးခရီး ရောက်ရခြင်းဖြစ်၏။ လွန်ခဲ့သည့်အနှစ် ၄၀ က ကယားဒေသနှင့် ကျေးရွာများသို့ ရောက်ခဲ့သော ဂန္ထလောကခေတ်ကို မီလိုက်သည့် စာရေးဆရာသိပ္ပံစိုးလှက "ဆရာပုတို့၏ လောပိတတွင် ခေတ်နှစ်ခေတ် ပြိုင်နေလေသည်" ဟူသော စကားဖြင့် နိဂုံးချုပ်ထားသည်။ ထိုစဉ်က သူဆိုလိုသော ခေတ်နှစ်ခေတ်မှာ ခေတ်မီရေအားလျှပ်စစ်ထုတ်လုပ်ရေးကို စတင်သော ခေတ်နှင့် နေမှုထိုင်မှု အဆင့်အတန်းမြှင့်တင်ရဦးမည့် (ရှေးအခေါ်) "ကရင်နီဆရာပု"တို့၏ ခေတ်ဖြစ်သည်ဟု သူကဆိုထားသည်။

ယခုတော့ ကယားပြည်နယ်တွင် ခေတ်တစ်ခေတ်သာ ဘီလူးချောင်းရေအလျဉ်လို စီးဆင်းနေလေသည်။ လွိုင်ကော်မြို့တော်ခန်းမရှေ့ရှိ လောကနတ်ရုပ်တုသည် ငြိမ်းချမ်းရေးသဘော အမှတ်အသား၏ သရုပ်တစ်ခုဖြစ်သည်။ ထိုမြို့တော်ခန်းမရှေ့တွင် မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ၊ ဆလွန်းကားများ ပြေးလွှားလျက်ရှိသည်။ စက်ဘီးပေါ်၊ ဆိုင်ကယ်ပေါ်တွင် စီးနင်းလိုက်ပါကြသူတို့မှာ လူငယ်လူရွယ်များပင်ဖြစ်သည်။ သူတို့သည် လွိုင်ကော်အပါအဝင် ကယားဒေသ၏ ကုန်းမြေ အနိမ့်အမြင့် တောင်ကုန်း တောင်စောင်းများအတိုင်း ဥဒဟိုသွားနေကြခြင်းဖြစ်သည်။

လွိုင်ကော်၏ မြို့ကွင်းမြို့ကွက်များကို ကျယ်ဝန်းခံ့ညား၍ တင့်တယ်သည်ဟု ခရီးသွားစာရေးသူတို့ထင်သည်။ နိုဝင်ဘာလ ဆောင်းဦးအအေးတွင် နံနက်၊ နေ့လယ်၊ ညပိုင်းတို့၌ ရန်ကုန်နှင့် ယှဉ်လျက် အေးစိမ့်သော အရသာကို ခံစားရသည်။ လျှပ်စစ်မီးမှာ အခြားမြို့များနှင့်မခြား မျှတအောင် ဖြန့်ဖြူးပေးလျက်ရှိသော်လည်း လောပိတတွင် လျှပ်စစ်ဓာတ်အားထုတ်ပေးလျက်ရှိသော ဝန်ထမ်းတို့က "ဒီမှာ ရေအားနည်းလို့ စက်မလည်နိုင်တာရယ်လို့ မရှိသလောက်ပါပဲ" ဟု သူတို့စက်ရုံ၌ ဓာတ်အားအဆက်မပြတ် ထုတ်လုပ်ပေးနိုင်ပုံကို ဂျင်နရေတာ လျှပ်စစ်ထုတ်စက်ကြီးများ တဝုန်းဝုန်း လည်ပတ်နေသည့်အကြားမှ အသံကိုမြှင့်၍ပြောသည်။ စက်ရုံအမှတ်(၂) ၏ အပြင်သို့ရောက်သောအခါ သူတို့ထုတ်လုပ်ပေးရမည့် အဖို့အင ဖြစ်သည့် ရန်ကုန်ဘက်သို့ ဓာတ်အားပို့လွှတ်သော လိုင်းကြိုးနှင့် မန္တလေးဘက်သို့ ခွဲဝေပို့လွှတ်သော လိုင်းကြိုးတို့ကို လက်ညှိုးထိုး ညွှန်ပြသည်။ ကျွန်တော်က မော့ကြည့်ရင်း "ဓာတ်ကြိုးလေးတွေ ခပ်သေးသေးလို့ ထင်ရတယ်နော်"ဟု ပြောမိရာ "အနီးကပ်ကြည့်ရင် ကြိုးကအကြီးကြီးပါဆရာ"ဟု စက်ရုံမှူးက ရှင်းပြသည်။

ရေစီးအားဖြင့် ဓာတ်အားထုတ်လုပ်ပေးနေသူတို့မှာ စက်ရုံ(၁)နှင့် (၂)တို့တွင် အင်အားပြည့်ဆိုပါက ၂၀၀ခန့်ရှိမည်ဟု သိရသည်။ စက်ရုံ(၃)ကို ဘီလူးချောင်းနံဘေးတစ်နေရာ လှိုဏ်ကြားတွင် တည်ဆောက်ရာ၌အရှိန်ရလျက်ရှိပြီကို ရှုခင်းသာတစ်နေရာမှ ကျွန်တော်တို့ လှိုဏ်ကြားသို့ ငုံ့ကြည့်ခွင့်ရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် လွိုင်ကော်မြို့ အထက(၁)ခန်းမ၌ စာပေဟောပြောခွင့်ရရှိခဲ့ပါသည်။ လူငယ်ကျောင်းသားများ စည်းကမ်းသေဝပ်ကြသည်။ ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းလည်း တက်ရောက်သည်။ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်လည်း တက်သည်။ကယားပြည်နယ်တွင် တိုင်းပညာရေးမှူးအဖြစ်မှ အငြိမ်းစားယူပြီး လွိုင်ကော်မှာပင် အခြေချသော ဆရာမကြီး ဒေါ်သန်းလည်း တက်ရောက်အားပေးသည်။ ဟောပြောပွဲမစမီ နံနက်ပိုင်းက ကျွန်တော်တို့ငွေတောင်ဆည်နှင့် ဒီမောဆိုးမြို့ဈေးသို့ ရောက်ခဲ့ရသေးသည်။ နောက်တစ်နေ့တွင် ကယားပြည်နယ်ပြတိုက်သို့ ရောက်ပြီး လေ့လာရသည်။



**လောပိတ ရေအားလျှပ်စစ်စက်ရုံမှူးနှင့် ကယားသဇင် စာပေခရီးသို့ ရောက်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

ပြတိုက်ထဲတွင် ကယားတို့၏ လက်သုံးဆောင်ပုဒ်တစ်ခုကို စာတန်းရေးဆွဲပြထားရာ၌ "ဖားအော်မှ မိုးရွာ၊ မိုးရွာမှငါးမော့၊ ငါးမော့မှ ရေကြီး၊ ရေကြီးမှ ဆင်ဆွဲ၊ ဆင်ဆွဲမှ သစ်ကျ၊ သစ်ကျမှ ပြည်ဝ"ဟူ၍ တွေ့ရသည်။

မြန်မာ့စွယ်စုံကျမ်းအတွဲ-၁၊ ၁၉၅၄ခုနှစ်၌ကား ကယားပြည်နယ် အကြောင်းရပ်ကို မှတ်တမ်းတင်သူ ဗိုလ်မှူးဘရှင်က "ကယားပြည်နယ်သည် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများဖြင့် ပြည့်ဝသည့်အလျောက် ရှေ့သို့တိုးတက်ကြီးပွားမည့် အရိပ်အယောင်များ တဖွားဖွား ပေါ်လျက်ရှိလေသည်" ဟု ရေးသားထားခဲ့လေသည်။

၁၉၅၄ခုနှစ်က လူဦးရေခုနစ်သောင်းကျော်သာ ရှိခဲ့သော စတုရန်းမိုင် ၄၈၂၀ရှိသည့် ကယားပြည်နယ်တွင် ယခုအခါ လူဦးရေငါးဆနီးပါးရှိနေပြီဖြစ်ပြီး ပြည်ထောင်စု၏ အခြားပြည်နယ်နှင့် တိုင်းများကို ဇာတိပြုသော ပြည်ထောင်စုသားအများတို့ လာရောက်တာဝန်ထမ်းဆောင်သူ၊ အခြေချသူတို့ကိုလည်း တွေ့ခဲ့ရသည်။

ဤစာပေခရီးတွင် ကျွန်တော်၏ မိတ်ဆွေများ သဖွယ် ရင်းနှီးနေခဲ့သည့် စာရေးဆရာမ မဟူရာ (လွိုင်ကော်)၊ပြည်နယ်အတွင်းရေးမှူး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်အုန်းရီတို့ကိုလည်း တွေ့ဆုံနှုတ်ဆက်ခွင့်ရခဲ့သည်။

ကယားသဇင်ပွင့်ချိန်၌ ရေအားလျှပ်စစ်နှင့် ခေတ်ကာလ၏ ပင်မရေစီးအားတို့'ရေကိုသားသော် အခြားမထင်'ဆိုသကဲ့သို့ စီးဆင်းနေလေသည်။ ။

## စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အသင်းကြီးက ကြီးမှူး၍ (၄၄)နှစ်မြောက် စီးပွားရေးတက္ကသိုလ် တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ အခန်း(၁၀)၌ ကျင်းပမည်ဖြစ်ပါ၍ အလှူငွေများ လှူဒါန်းလိုပါက ကော်မတီ၏ ဘဏ်စာရင်းအမှတ်-မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၂)၊ ရန်ကုန်၊ Current Account 000056 သို့ တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ကြောင်း၊ အလှူငွေနှင့် ပစ္စည်းများကို ဦးသင်းမောင်(ဥက္ကဋ္ဌ) ဖုန်း-၆၅၂၀၆၅၊ ၀၉ ၅၁၀၀၄၆၁၊ ဦးမြမောင် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၅၄၅၆၀၆၊ ၀၉ ၅၁၀၁၄၉၈၊ ဗိုလ်မှူးတင့်လွင် (ငြိမ်း) ဖုန်း-၆၆၆၂၇၀၊ ၀၉ ၅၀၀၆၇၇၆၊ ဦးခိုင်ဝင်း ဖုန်း- ၃၈၃၈၃၅၊ ဦးတင်လှိုင် ဖုန်း-၆၅၁၄၀၀၊ ၀၉ ၅၁၄၂၁၄၉၊ ဦးမင်းသန်းဌေး ဖုန်း-၅၃၄၅၄၉၊ ဒေါ်နန့်မေစန်း ဖုန်း-၃၇၇၂၉၀၊ ဒေါ်ခိုင်ခိုင်အောင် ဖုန်း-၂၂၁၃၀၂၊ ၅၄၃၁၀၃၊ ဒေါ်ကြိုင်ကြိုင်ထွန်း ဖုန်း-၇၀၆၉၃၀၊ ၀၉ ၈၀၃၀၉၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃၀-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အကပြိုင်ပွဲ
၈း၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၀ ၉။ အဆိုပြိုင်ပွဲ
၈း၄၅ ၁၀။ **"သတိတစ်ချက်တစ်သက်အမှား" (ကျော်မင်းနောင်၊ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်ချီတေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ အတီးပြိုင်ပွဲ
၁၂း၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတောသူ" (အပိုင်း-၁)**
၁၂း၄၀ ၆။ Golf Magazine (TV)
၁း၀၀ ၇။ **မြန်မာရုပ်ရှင် "ငါသူတစ်ပါးယောကျာ်းမိန်းမ" (ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၂း၄၅ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ နားဝင်ပီယံ သူ့လက်သံ
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅ ၆။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၅ ၈။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ **ကာတွန်းအစီအစဉ်** "Pocket Dragon Adventure"
၇း၀၀ ၁၂။ **"တစ်မျက်နှာတစ်ကွက်စာခုနစ်နာရီ" (ညီဘွား၊နိုင်ထက်၊ ဒေါ်လာပွင့်ဝေ) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]**
၇း၂၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၁၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရှာဖွေခြင်း" (အပိုင်း-၁၂)**
၁၉။ အစီအစဉ်ပြီး၏။

# ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် မြေအောက်ရေဖော်ထုတ်၍ ရေစုတွင်းများ ဆောင်ရွက်ပေးနေ

**သတင်းဆောင်းပါး၊ ဓာတ်ပုံ**
**သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နေ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ ဖူလုံစွာရရှိစေရန် အချိန်ပြည့် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်မှစတင်၍ တစ်နေ့လျှင် ရေဂါလန် ၁၃၅ သန်းအထိ တိုးချဲ့ဖြန့်ဝေနိုင်ခဲ့သည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၁၀၇/ရပ်ကွက်ရှိ ရေပေးဝေရေးစခန်း အမှတ်(၁)မှလည်း ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၅ရက်နေ့ကစ၍ ရပ်ကွက်ပေါင်း ကိုးရပ်ကွက်သို့ တစ်နေ့ရေဂါလန် တစ်သန်း ထပ်မံဖြန့်ဝေခဲ့ပါသည်။ ဆက်လက်၍ ရေပေးဝေရေးစခန်း အမှတ်(၂)ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက်၌ တည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်ရှိ ပင်မရေပို့ပိုက်လိုင်းနှင့် အလှမ်းဝေးကွာသော ရပ်ကွက်များတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ ရရှိစေရန် မြေအောက်ရေအရင်းအမြစ်များ ရှာဖွေ၍ စက်ရေတွင်းများမှတစ်ဆင့် ရေပို့ပိုက်များအတွင်း ရေအားဖြည့်ပေးလျက်ရှိသည်။

ဆင်ခြေဖုံးမြို့နယ်များဖြစ်သည့် ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်များရှိ ရပ်ကွက်အချို့မှာ ရေပေးဝေရေး ပိုက်အဖျားပိုင်း ရောက်ရှိနေကြောင်း သိရှိရသည်။ ထို့ကြောင့် အဆိုပါရပ်ကွက်များအတွက် ရေအဖွင့်အပိတ်ဘားများကို အသုံးပြု၍ ရေများပိုမိုရရှိစေရန် နေ့စဉ်ဆောင်ရွက်ပေးနေရသည်။

အဆိုပါ အခြေအနေများကို ကျော်လွှားနိုင်ရန် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)အစီစီတွင်းများ ဌာနစုက ကမာရွတ်မြို့နယ် စည်ပင်ရဲဝင်းအတွင်း ရေစုတွင်းကျယ် (Radial Collector Well) တူးရန် အကြိုအစမ်းတွင်း တူးဖော်ရာ အောင်မြင်နေပြီဖြစ်သည်။



**ရေစုတွင်းကျယ် (Radial Collector Well) မြေပြင်မှ မြေအောက်အနက် ၅၅ ပေအထိ တူးဖော်ပြီးစီးနေမှုကို တွေ့ရစဉ်။**

အစမ်းတွင်းငယ်တူးရာတွင် မြေပြင်အနေအထားမှ မြေအောက်အနက် ပေ ၁၂၀ အထိ တူးဖော်သွားရာ မြေအနေအထား အဆင့်ဆင့်တွင် အမှိုက်ဆွေးများ၊ ဂဝံမြေဝါစေးများ၊ သဲနီနုန်းမြေများ၊ သဲဝါနုများ၊ သဲဝါကြမ်းကျောက်ဆန်ကွဲများ၊ သဲဝါကြမ်းများ၊ သဲဝါကျောက်ဆန်ကွဲများသို့ ဖြတ်သန်းခဲ့ရာက လိုအပ်သည့် စုရပ်ပေ ၁၂၀ အနက်တွင် သဲပြာနုကြောများ ရှိနေသည်ကို တွေ့ရသည်။

သဲပြာနုအရောက် ရေထွက်အား အနေအထားကို တွက်ချက်ကြည့်ရာ တစ်နေ့လျှင် ရေဂါလန် တစ်သန်းအထိ ထွက်ရှိနိုင်သကဲ့သို့ ထွက်ရှိသည့်ရေများမှာလည်း ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများဖြစ်သည်ကို စစ်ဆေးချက်အရ သိရှိရသည်။

စမ်းသပ်တွင်းငယ်အပေါ် မူတည်၍ အချင်း ၁၂ ပေရှိ ရေစုတွင်းကျယ် (Radial Collector Well)ကို တူးဖော်လျက်ရှိရာ အနက် ၅၅ ပေ အထိ တူးဖော်ပြီးဖြစ်သည်။ တူးဖော်ရာတွင် မြေအောက်အနက်ပိုင်းသို့ ရောက်ရှိလာသကဲ့သို့ တဖြည်းဖြည်း နက်လာသည်နှင့်အမျှ အနုစိပ် တူးဖော်လာရကြောင်း တာဝန်ရှိ အင်ဂျင်နီယာတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

ရေစုတွင်းကျယ် လက်ရှိရောက်ရှိနေသည့် မြေအနေအထားမှာ ခုနစ်ပေထုရှိသည့် သဲဝါနုကြောသို့ စတင်ဝင်ရောက်နေပြီဖြစ်သည်။ သဲဝါနုကြောသည် ရေနှင့် ရောနှောနေ၍ အခက်အခဲဆုံး တူးဖော်နေရသောနေရာဖြစ်သည်။ သဲဝါနုကြောသည် မြေအနက် ၅၃ပေမှ ပေ ၆၀ထိ၊ သဲဝါကြမ်းကြောသည် မြေအနက် ပေ၆၀မှ ပေ ၁၀၀ထိ၊ သဲဝါကြမ်းကျောက်ဆန်ကွဲသည် မြေအနက် ပေ ၁၀၀မှ ပေ ၁၂၀အထိ၊ မြေအနက်ပေ၁၂၀မှအောက်ပိုင်းတွင် သဲပြာနုကြောရှိသည်။ သဲပြာနုကြောအရောက်တွင် တူးဖော်သည့်လုပ်ငန်း ပြီးစီးပြီဖြစ်သည်။



**အချင်း ၁၂ ပေရှိ ရေစုတွင်းကျယ် (Radial Collector Well) ၏ အပြင်အနေအထားကို တွေ့ရစဉ်။**

ယခုတူးဖော်လျက်ရှိသည့် ရေစုတွင်းကျယ်(Radial Collector Well)သည် လာမည့် နွေရာသီမတိုင်မီ ပြီးစီးနိုင်မည်ဖြစ်သည်။ ထိုရေစုတွင်းကျယ်သည် ပင်မရေပို့ပိုက်လိုင်းနှင့် အလှမ်းဝေးကွာနေသော နေရာများရှိ ပြည်သူများအတွက် တစ်ထောင့်တစ်နေရာက ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ဖြည့်တင်းပေးသွားနိုင်မည်ဟု ယူဆပါသည်။ ထို့အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ရေစုတွင်းကျယ် (Radial Collector Well) များ များစွာပေါ်ထွန်းလာနိုင်မည် ဖြစ်ကြောင်းကိုလည်း ကြိုတင်နိမိတ်ဖတ်ရင်း ရေးသားလိုက်ရပါသည်။ ။

## ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

### ကြက်မွေးမြူရေး ကြပ်မတ်ဆောင်ရွက်ပေးပါ

**စာတည်းရှင့်-**

မင်္ဂလာဒုံ ပေါက်ကုန်းရပ်ကွက် အမှတ်(၁၄) အပိုင်(၁၇) ကံ့ကော်လမ်းသွယ် (၁)ရှိ အိမ်တစ်အိမ်သည် ကြက်များကို စီးပွားဖြစ် မွေးမြူပြီး သန့်ရှင်းမှု မရှိပါသောကြောင့် အနံ့အသက် ဆိုးရွားကာ ကြက်များ၏ ဆူညံမှုကြောင့် ပတ်ဝန်းကျင်မှ လုပ်သားပြည်သူများ၊ လူကြီးမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေး ထိခိုက်ရပါသည်။

သို့ပါ၍ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

### စည်းကမ်းမဲ့စားသောက်ဆိုင် စိစစ်ပေးပါ

**စာတည်းခင်ဗျား-**

မြောက်ဒဂုံမြို့နယ် ဗိုလ်မှူးဗထူးလမ်းမပေါ်ရှိ (၄၆)ကားမှတ်တိုင်နှင့် မျက်နှာချင်းဆိုင်တွင် စည်းကမ်းမဲ့ စားသောက်ဆိုင်တစ်ဆိုင်သည် ဂက်(စ်)အိုးနှင့် ဂက်(စ်)မီးဖိုများအသုံးပြု၍ လမ်းဘေးတွင် ကြော်လှော်ရောင်းချနေရာ လမ်းသွားရာ၌ ညှော်အန္တရာယ်၊ မီးအန္တရာယ်နှင့် ယာဉ်အန္တရာယ်များ စိုးရိမ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသွားပြည်သူ**

### အန္တရာယ်ရှိသော နှစ်ချို့သစ်ပင်အိုကြီး ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း ဗိုလ်တထောင်ရဲစခန်းရှေ့ ကားမှတ်တိုင်အနီးရှိ ကုက္ကိုပင်အိုကြီးမှာ ခြောက်သွေ့ဆွေးမြေ့နေပြီး အကိုင်းခြောက်များ မကြာခဏ ကျိုးကျနေပါသဖြင့် လမ်းသွားလမ်းလာများ၊ မှတ်တိုင်တွင် ကားစောင့်စီးသော ပြည်သူများအတွက် အန္တရာယ်ရှိနေပါ၍ ထိုသစ်ပင်အိုကြီးအား အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

**အန္တရာယ်ကင်းစေလိုသူ**

### သတ်မှတ်နေရာ ရောင်းစေချင်

**စာတည်းခင်ဗျား-**

ရောဝတီတိုင်း ဝါးခယ်မမြို့နယ် စည်ပင်သာယာဈေးအတွင်းမှ ဈေးဆိုင်ခန်းများသည် သတ်မှတ်ထားသည့်နေရာထက် လမ်းပေါ်သို့ ကုန်ပစ္စည်းများတင်၍ ရောင်းချခြင်းကြောင့် ဈေးဝယ်လာသူများနှင့် လမ်းသွားလမ်းလာများအတွက် စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ သတ်မှတ်ထားသောနေရာ၌ ရောင်းချပေးပါရန် စာတည်းမှတစ်ဆင့် တင်ပြအပ်ပါသည်။

**လမ်းသွားလမ်းလာများ**

### အနံ့ဆိုးနှင့် အင်ဂျင်စက်ဆူညံသံ

**စာတည်းခင်ဗျား-**

ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ အမှတ်(၃)နယ်မြေ လူနေရပ်ကွက်အတွင်း နေအိမ်တစ်အိမ်ရှိ ရေခဲစက်မှ စပါးခွံလောင်စာစက် ဂက်(စ်)အနံ့၊ အင်ဂျင်စက်ဆူညံသံနှင့် အသုံးပြုပြီးသော ဖွဲပြာများကို မြစ်အတွင်းသို့ စွန့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၎င်းအနံ့ဆိုးများ၊ အင်ဂျင်စက်ဆူညံသံများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ကျန်းမာရေးထိခိုက်ခြင်း၊ မီးဘေးအန္တရာယ် အထူးစိုးရိမ်ရခြင်းတို့ဖြစ်နေရာ သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မြင်းကကုန်းသား**

### ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

### ကျူးကျော်ဈေးတန်း ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ရေကူးရွာမလမ်း မစိုးရိမ်ကျောင်းလမ်းထိပ် လမ်းဘေးတစ်လျှောက်တွင် ကျူးကျော်ဈေးသည်များ ဈေးရောင်းနေသည့်အတွက် ဈေးဝယ်သူများ၊ ဆိုက်ကားများနှင့် လမ်းပိတ်ဆို့မှုဖြစ်ပွား၍ ယာဉ်အန္တရာယ်ရှိခြင်း၊ မကြာခဏ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် အညစ်အကြေးများကြောင့် အနံ့အသက်ဆိုးများ ထွက်ပေါ်နေပါ၍ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ လမ်းပိတ်ဆို့မှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေရေးအတွက် အဆိုပါ ကျူးကျော်ဈေးတန်းကို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းစေလိုသူ**

### မုန့်ကြိုတ်စက်ဆူညံသံ စိစစ်ဆောင်ရွက်ပြီးစီး

၈-၁၁-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒိုက်ဦးမြို့ မင်းလမ်းရှိ မုန့်ဟင်းခါးဖိုမှ **“မုန်ကြိတ်စက်သံဆူညံ”**ပေးစာနှင့် ပတ်သက်၍ ၁၃-၁၁-၂၀၀၈ ရက်နေ့တွင် စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

### ငါးပိနှင့် ငါးပုပ်အနံ့ဆိုးများ ရှင်းလင်းပြီးစီး

၁၆-၁၁-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တွံတေးမြို့ ကွမ်းခြံအနောက်ပိုင်းရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် အောင်သပြေလမ်းတွင် **“ငါးပိနှင့် ငါးပုပ်အနံ့ ကျန်းမာရေးထိခိုက်”**ဟူသော ပေးစာနှင့်စပ်လျဥ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**





# တိုင်းမှူးပိုလ်ချုပ်မြင့်စိုး ရွှေဘိုမြို့နယ်၌ စပါးရိတ်သိမ်းနေမှု ကြည့်ရှုအားပေး

ရန်ကုန်　　နိုဝင်ဘာ　　၂၉

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် နိုဝင်ဘာ ၂၆ ရက်တွင် ရွှေဘိုမြို့နယ် ဇီးတောကျေးရွာအုပ်စုရှိ တောင်သူဦးငြိမ်းမောင်၏ မိုးစပါးသုံးဧကစိုက်ခင်းသို့ သွားရောက်၍ စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။** (အပေါ်ပုံ)

ရွှေဘိုခရိုင်အတွင်း၂၀၀၈-၂၀၀၉ခုနှစ်တွင် မိုးစပါး ၈၁၂၄၁၁ ဧကစိုက်ပျိုးခဲ့ပြီး ယနေ့အထိ၂၂၀၈၅၁ ဧက ရိတ်သိမ်းပြီးဖြစ်ကာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၈၈ဒသမ၀၁ တင်း ထွက်ရှိကြောင်းနှင့် စစ်ကိုင်းတိုင်း အတွင်း ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း မိုးစပါး ၁၈၁၅၄၂၄ ဧက စိုက်ပျိုးပြီး ယနေ့အထိ ၄၆၉၆၇၃ ဧက ရိတ်သိမ်းပြီးဖြစ်ကာ တစ်ဧကပျမ်းမျှ အထွက်နှုန်း ၈၄ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**▲ ကျောဖုံးမှ**

၁၀တန်ခန့်ရှိကြောင်း အွန်တေရီယို အနောက်ပိုင်းတက္ကသိုလ်မှပါမောက္ခ ဘရောင်းက ပြောကြားသည်။

အလွန်ကြီးမားသည့် ဥက္ကာခဲသည် မီးလောင်ပေါက်ကွဲခဲ့ပြီးနောက် ဘောလုံးအရွယ် အစိုင်အခဲများအဖြစ်သို့ ပြိုကွဲသွားသည်ဟု ယူဆရသည်။ အလေးချိန် ၅၀၀ရမ်ကျော်ရှိ ဥက္ကာခဲငယ်များမြေပေါ်သို့ ကျရောက်နိုင်သည်ဟု ကယ်ဂါရီ တက္ကသိုလ်မှ သုတေသီအလန်ဟီဒီ ဘရန်က ပြောကြားသည်။

မြေခ ဥက္ကာခဲများကို အမြန်ဆုံးရှာဖွေတွေ့ရှိမှသာ အချိန်မီလေ့လာနိုင်မည်ဖြစ်ကြောင်း၊ ဆီးနှင်းများ ဖုံးလွှမ်းခံရပါက ဥက္ကာခဲများ ညစ်ညမ်းမှုနှင့် ပျောက်ဆုံးမှုတို့ဖြစ်ပေါ်နိုင်ကြောင်းရက်ဂျီနာတက္ကသိုလ်မှ နက္ခတ္တဗေဒ ပါမောက္ခမာတင် ဘီချန်းက ပြောကြားသည်။

ဥက္ကာခဲများသည် အနက်ရောင်ရှိပြီး ပုံမှန်ကျောက်ခဲများထက် ပိုမိုလေးလံကာ သံလိုက်ဓာတ်ပါရှိတတ်သည်။ (အင်တာနက်)

# ဝန်ကြီး ဦးဉာဏ်ဝင်း ဘရာဇီးနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန်　　နိုဝင်ဘာ　　၂၉

**ဘရာဇီးနိုင်ငံ ဘရာဇီးလျားမြို့၌ နိုဝင်ဘာ ၂၃ရက်နှင့် ၂၄ရက်တို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် မာကိုဆူနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နိုဝင်ဘာ ၂၈ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။**

ဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းလည်း ပြန်လည်လိုက်ပါလာသည်။

အဆိုပါ အစည်းအဝေးသည် မာကိုဆူနှင့် အာဆီယံတို့အကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သော အစည်းအဝေးဖြစ်ပြီး နှစ်ဖက်အဖွဲ့များမှ နိုင်ငံခြားရေး ဝန်ကြီးများ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးပြဿနာ အခြေအနေနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များက နိုင်ငံတကာ အသိုင်းအဝိုင်းများ ပူးပေါင်းညှိနှိုင်း တုံ့ပြန် ဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ်လုပ်ငန်းစည်းမျဉ်း စည်းကမ်းများ အရေးကြီးကြောင်း၊ အစိုးရက ဘဏ်များကို ဦးဆောင် ကြီးကြပ်ပေးရန် လိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများပြုပြင်ပြောင်းလဲရန်လိုကြောင်း တို့ကို ဆွေးနွေးကြသည်။

စားနပ်ရိက္ခာလုံခြုံစိတ်ချရရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ယင်းကိစ္စသည် စွမ်းအင်လုံခြုံရေးကိစ္စနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ပြီး ရိက္ခာ ထုတ်လုပ်ရန်လိုကြောင်းဆွေးနွေးကြသည်။

လောင်စာစွမ်းအင် လုံခြုံရေးနှင့် စပ်လျဉ်း၍ နေစွမ်းအား၊ လေစွမ်းအား၊ ဇီဝလောင်စာစွမ်းအား ထုတ်လုပ်ရေးနည်းသစ်များ ရှာဖွေထုတ်လုပ်ရေးများကို ဆွေးနွေးကြသည်။

ယင်းသို့ ဆွေးနွေးရာတွင် ဇီဝလောင်စာ ထုတ်လုပ်ခြင်းကြောင့် ရိက္ခာထုတ်လုပ်မှု မထိခိုက်စေရေးကို အလေးထားဆွေးနွေးကြသည်။ ယင်းကိစ္စများနှင့်ဆက်စပ်၍ ဒိုဟာ ကုန်သွယ်မှုဆွေးနွေးပွဲအောင်မြင်ရန် အရေးကြီးကြောင်း၊ကိုယ်ကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်မှုများနှင့် စိုက်ပျိုးရေး ထုတ်ကုန်များတွင် ထောက်ပံ့ကြေးပေးမှုများ ပပျောက်ရေးကိုလည်း ဆွေးနွေးကြသည်။

ထို့အပြင် အာဆီယံနှင့် မာကိုဆူ၊ နှစ်ဖက်အဖွဲ့ဝင်နိုင်ငံများ စိတ်ဝင်စားသည့် နှစ်ဖက်အဖွဲ့အစည်းများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင်သတင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်တွင် အဖွဲ့အစည်း နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဒုတိယအကြိမ် အာဆီယံ-မာကိုဆူ ဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပရန် ဖော်ပြထားသည်။

(သတင်းစဉ်)




**နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘရာဇီးနိုင်ငံ ဘရာဇီးလျားမြို့၌ ကျင်းပသည့် ပထမအကြိမ် မာကိုဆူနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသူများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

(နိုင်ငံခြားရေး)

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များသည် အရှိန်ပြင်းမောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှု၊ တိမ်းမှောက်မှုများဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက်ကျော်လွန်မောင်းနှင်ခြင်း မပြုကြရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တစ်နာရီမိုင်၂၀ (၃၂ကီလို)

(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီမိုင်၃၀ (၄၈ကီလို)

(၃) မြို့ပြင် ယာဉ်အားလုံး တစ်နာရီ မိုင် ၆၀ (၉၆ကီလို)

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ပဋ္ဌိစ္စသမုပ္ပာဒ်သစ္စာလေးပါး"တရားတော် (တစ်ဘဝသာသနာဆရာတော်အရှင်သောဘန) |
| ၈း၀၀ - ၂း၀၀ | Sunday Talk [ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၉း၁၅ - ၃း၁၅ | Soccer Update |
| ၉း၃၀ - ၃း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၄၅ - ၃း၄၅ | ခေတ်မီဒီဇိုင်းစုံလင်စွာမြိုင်ရတနာ |
| ၁၀း၀၀ - ၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ - ၄း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ - ၄း၁၀ | သီးနှံစိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း" |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | Euro Goals |
| ၁၀း၄၅ - ၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | ဟူးကောင်းကျားများတည်တံ့ဖို့ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၁း၁၅ - ၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်)[ဒါရိုက်တာ-အောင်မိုး(ပဲရစ်)] |
| ၁၁း၄၅ - ၅း၄၅ | Activities In The City ဆေးစိမ်ခြင်ထောင်နှင့် ရေသန့်ပိုက် |
| ၁၁း၅၅ - ၅း၅၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (အသစ်စက်စက်အစစ်သက်သက် စန္ဒရားလက်ရည်တက်ကလေးများ) |
| ၁၂း၂၀ - ၆း၂၀ | စားချင်စဖွယ်နည်းအသွယ်သွယ် |
| ၁၂း၃၀ - ၆း၃၀ | ခန့်ထည်လှပအစဉ်ကြေးဖောင်းကြွအသွင် |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Man City-Man Utd | ESPN(Live) |
| ၉း၂၅ | Tottenham-Everton | STAR SPORTS(Live) |
| ၁၀း၂၅ | Chelsea-Arsenal | ESPN(Live) |
| ၁၁း၃၀ | Portsmouth-Blackburn | STAR SPORTS(SDD) |

**Series A ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Roma - Fiorentina | 5-Cartoons(Live) |

**FA Cup ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၃၀ | Histon - Leeds | STAR SPORTS(Live) |

✻ ကျောဖုံးမှ

မိုးကောင်းကွင်းပေါ့။ စိုက်ဧက ၁၂၀ ရှိပါတယ်။ မိုးစပါးတချို့ လယ်ကွက်တွေ ရိတ်သိမ်းပြီးပါပြီ။ တစ်ဧက တင်း ၈၀ကျော် ထွက်ပါတယ်။ ကျွန်တော့်အနေနဲ့ ထွန်စက်ရော၊ ကျွဲ၊ နွားပါသုံးပြီး စိုက်ပျိုးတာမို့ အချိန်မီ ထွန်ယက်စိုက်ပျိုးလို့ပြီးတော့ စပါးအထွက်လည်း မညံ့ဘူးပေါ့။ စပါးတွေကိုတော့ ဒေသကုန်သည်တွေဖြစ်တဲ့ ဆန်းပွင့်လင်း၊ ဦးပေါလှ၊ ဦးစိုးမြင့်၊ ဦးသိန်းဟန် စတဲ့ ကုန်သည်တွေက လာဝယ်နေကြတာပဲ။ တောင်သူတွေလည်း ဒေသပေါက်ဈေးနဲ့တော့ ရောင်းနေကြတာပါ"ဟု ကွမ်းများ တမြို့မြို့ဝါးရင်း ဖြေကြားသည်။

စပါးစိုက်တောင်သူကြီး ဦးသန်းမြင့်ကား ခေတ်မီနည်းပညာများကို ပေါင်းစပ်အသုံးပြုနေသူ၊ စပါးအထွက်တိုးနိုင်မှု၊ စပါးရိတ်သိမ်းခြွေလှေ့နိုင်မှုများကို ခေတ်မီနည်းစနစ်များဖြင့် စူးစမ်းရှာဖွေအသုံးပြုနေသူတစ်ဦးပင်ဖြစ်သည်။ တောင်သူဦးသန်းမြင့်က တဲအပြင်



**ကုန်သည်တွေက လာဝယ်သွားလို့ စပါးလက်ကျန်မရှိပါဘူး။** *ဦးဗိုလ်ဝ(တောင်သူ)*

ထွက်ပြီး စပါးစိုက်ခင်းများကို လိုက်လံပြသသလို မြေလွတ်မြေရိုင်းအပိုင်း၌ ကန်စွန်းရွက်စိုက်ခင်းပြုလုပ်ထားပုံကိုလည်း ပြသလေသည်။ မြေကြီးကို တန်ဖိုးရှိစွာ အသုံးပြုနေသူပင်ဖြစ်သည်။

ထို့နောက် ဆိပ်ဖူးတောင်ကျေးရွာဘက် ဆက်လက်ထွက်ခွာခဲ့သည်။ တစ်ကွင်းလုံး ဝင်းဝါနေသော စပါးစိုက်ခင်းများ၊ စက်များအကူအညီဖြင့် ခြွေလှေ့နေမှုများကို မြင်တွေ့ရသည်။ လယ်ကွက်အတွင်းအလုပ်လုပ်နေသူ တောင်သူဦးလှရွှေက "ဒီကွင်းက ပသိချောင်းကွင်းလို့ခေါ်တယ်၊ပသိဆည်ရေသောက်ကွင်းပေါ့၊ ကျွန်တော်က စပါး ၁၀ဧက စိုက်ပျိုးထားတာ ရိတ်တော့မှာပါ။ မျိုးတွေကတော့ ရွှေပြည်တန်နဲ့ ဆင်းသွယ်လတ်မျိုးတွေဖြစ်ပါတယ်။ လက်ရှိအခြေအနေက မြင်တဲ့အတိုင်းပါပဲ။ တစ်ဧက ၈၅ တင်းလောက်တော့ သေချာပေါက် ထွက်မှာဆိုတော့ မနှစ်ကထက် အထွက်တိုးမှာပါ။ ကုန်သည်တွေကတော့ ဒေသပေါက်ဈေးနဲ့ အခုကတည်းက လာဝယ်နေကြပါပြီ"ဟု ပြောပြသည်။

**တောင်သူများကား ဒေသပေါက်ဈေးနှင့် စပါးများ ရောင်းချသည်ဆိုသဖြင့် မေးမြန်းကြည့်ရာ ကျွန်တော်တို့အတွက် မြတ်လို့ရောင်းတဲ့ ဒေသပေါက်ဈေးကို ပြောတာပါဟုရင်းက ရှင်းပြသည်။**

ထို့နောက် ဖြူးမြို့နယ်သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ တောင်ငူမြို့မှ ဖြူးမြို့သို့ သွားရာလမ်းတစ်လျှောက်၌ မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းပြီးဖြစ်နေသည်ကို တွေ့ရသည်။ အချို့ လယ်ကွင်းများက ရွှေဝါရောင်သန်းကာ မကြာမီရိတ်သိမ်းရမည့်အနေအထားရောက် ရှိနေပြီဖြစ်သည်။ တချို့ လယ်ကွက်များတွင် နွေစပါးအတွက် ပြင်ဆင်နေသည်ကို တွေ့ရသည်။

ဖြူးမြို့သို့ ရောက်ရှိသည်နှင့် ဖြူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးလှသိန်းက ကြိုက်သည့်လယ်ကွင်းသို့ သွားရောက် လေ့လာနိုင်သည်ဆိုသဖြင့်



**နွေစပါးအတွက် ပြင်ဆင်နေသလို ကန်စွန်းစိုက်ခင်းအတွက်လည်း ပြင်ဆင်ထွန်ယက်နေကြသည့် တောင်သူများကို ဤသို့ တွေ့ရစဉ်။**

ဖြူးမြို့အနောက်ဘက်ရှိ လယ်ကွင်းများသို့ ထွက်လာခဲ့သည်။

ဖြူးမြို့နယ်မှာ မိုးစပါးစိုက်ဧက ၁၅၃၇၇၅၁ဧက စိုက်ပျိုးခဲ့ပြီး လက်ရှိအနေအထားမှာတော့ တစ်ဧက ၈၅ တင်းခွဲနှုန်းထွက်တာမို့ မနှစ်ကထက် မိုးစပါး ပိုပြီးထွက်ခဲ့ပါတယ်။ နွေစပါးဆိုရင်လည်း မနှစ်က ၈၁၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒီနှစ် ဧက ၉၃၀၀ စိုက်မယ်လို့ မျှော်မှန်းထားပါတယ်။ နွေစပါးကိုတော့ ဖြူးချောင်းနဲ့ကွင်းချောင်းတို့က ရေတွေနဲ့ ဒီဇင်ဘာ ၁၅ရက်မှာ အပြီးစိုက်ပျိုးသွားမှာပါ"ဟု စပါးကွင်းများဆီသို့ သွားရင်း ဖြူးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာဦးလှသိန်းက ရှင်းပြသည်။ **တောင်သူများ စိုက်ပျိုးရာတွင်လည်းကောင်း၊ ရိတ်သိမ်းမှုနှင့် ရောင်းချမှုတို့တွင် တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက ကုန်ကျစရိတ်ကာမိစေရန် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**

ဖြူးမြို့အနီး ရေတော်မိုးတော်ကွင်းသို့ရောက်သည့်အခါ ဝင်းမှည့်နေသောစပါးခင်းများအတွင်း စပါးရိတ်သိမ်းနေသော တောင်သူကြီးတစ်ဦးကို မေးမြန်းရာ "အမည်က ဦးဗိုလ်ဝလို့ ခေါ်ပါတယ်။ နတ်ရေကန်ရွာသားပါ။ ဒီနှစ်မိုးစပါး ၂၄ ဧက စိုက်ပျိုးခဲ့တာ ရိတ်သိမ်းနေပါပြီ။ ကျွန်တော့် လယ်ကွက်တွေက ဒီနှစ် တစ်ဧက စပါး ၈၅ တင်း

**မနှစ်ကထက် မိုးစပါးတင်း ၂၂ သိန်း ပိုပြီးထွက်ရှိခဲ့ပါတယ်။**
*ဦးသက်ဇင်မောင်*
*(တောင်ငူခရိုင် မန်နေဂျာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)*



လောက်ထွက်မယ်လို့ ခန့်မှန်းထားပါတယ်။ မနှစ်က စုစုပေါင်း စပါးတင်း ၂၀၀၀ လောက် ထွက်ခဲ့တာဆိုတော့ ဒီနှစ် စပါးတင်း ၂၀၀၀ ကျော် ထွက်မယ်လို့ ထင်ပါတယ်။ ကျွန်တော် ရိတ်ပြီးသမျှ စပါးတွေကို ဒေသကုန်သည်တွေဖြစ်တဲ့ ရွှေပြည်စိုး၊ ခြသေ့်မင်းဆန်စက်နဲ့ ပွဲရုံတွေက ဝယ်ယူခဲ့တာမို့ လက်ကျန်စပါး မရှိပါဘူး။ နွေစပါးလည်း အပြည့်အဝ စိုက်ပျိုးဖို့ပြင်ဆင်နေပါပြီ"ဟု ကောက်လှိုင်းစည်းများကို လှည်းပေါ်တင်ရင်း ဖြေကြားသည်။

ဖြူးမြို့နယ်အတွင်း စပါးစိုက်ခင်းများမှာ နှစ်စဉ် အပျက်အစီးနှင့်



ဆုံးရှုံးမှုသိပ်မရှိချေ။ မြေနှင့်ရေတို့မှာ စိုက်ပျိုးမှုဖြစ်ထွန်းရန် ကြီးမားသော အထောက်အပံ့ပေးလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

ဖြူးမြို့နယ်မှတစ်ဆင့် ရေတာရှည်မြို့နယ်သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။တောင်ငူခရိုင်အတွင်း ရေတာရှည်မြို့နယ်သည်လည်း စပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းသော မြို့နယ်တစ်ခုဖြစ်သည်။ ရေတာရှည်မြို့နယ်အဝင်၌ တံရိုးကျေးရွာအုပ်စု၏ မြို့ဝင်ဧက ၁၀၀၀ စံပြစိုက်ကွက်ကို တွေ့မြင်ခဲ့သည်။ ဆင်းသွယ်လတ်မျိုးစပါးခင်းများမှာ အပင်ညွှတ်အောင် သီးလျက်ရှိနေသည်။ ဤစံပြစိုက်ခင်းသည် ဧက ၁၀၀၀ ရှိကာ ၃၀ ရာခိုင်နှုန်း ရိတ်သိမ်းပြီးနေပြီး ဆက်လက်ရိတ်သိမ်းနေကြသည်။ အထွက်နှုန်းမှာ တစ်ဧက စပါး တင်း ၁၀၀ ရှိသည်ဟုဆို၏။

ရေတာရှည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်ရုံး၌ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်းက "ရေတာရှည်မြို့နယ်မှာ ကျေးရွာအုပ်စု ၅၀ ကျော်ရှိတယ်။ ဒီနှစ် မိုးစပါးစိုက်ဧက ၈၃၀၀၀ စိုက်ပျိုးခဲ့ပြီး နွေစပါးဧက ၃၀၀၀၀ စိုက်ပျိုးသွားမှာပါ။ မနှစ်က မိုးစပါးစိုက်ဧက ၈၁၅၀၀ ရှိခဲ့တာမှာ ဒီနှစ်ဧက ၈၃၀၀၀ ဖြစ်ပါတယ်။ မိုးစပါးထွက်ရှိမှု တင်း ၆၉၀၄၇၇၀ လျာထားတာ ကျော်လွန်ခဲ့ပြီး နွေစပါးထွက်ရှိမှု လျာထားတာ တင်း ၂၅၇၄၀၀၀ ကိုလည်း ပြည့်မီကျော်လွန်အောင် ထွက်မယ်လို့ ယုံကြည်နေပါတယ်"ဟု ရှင်းပြသည်။

ထို့နောက် စပါးခင်းများဘက်သို့ ထွက်လာခဲ့ပြီး တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းရာ "နာမည်က ကိုခင်မောင်သိန်းလို့ ခေါ်ပါတယ်။ ကက္ကူရွာသားပါ။ ဒီကွင်းက နတ်တောင်ကွင်းဖြစ်ပြီး ကျွန်တော်က ဧက ၁၀ စပါး စိုက်ပျိုးပါတယ်။

**စပါးအထွက် မညံ့ပါဘူး၊ ရိတ်ပြီးသား စပါးတွေလည်း ကုန်သည်တွေ ဝယ်သွားကြပြီ။**

မိုးစပါးကတော့ ရိတ်သိမ်းပြီးပြီ။ တစ်ဧက တင်း ၈၀ ကျော်ထွက်တာ အကုန် ရောင်းချလိုက်ပါပြီ။ ကုန်သည်တွေက မန္တလေးနဲ့ နေပြည်တော်လယ်ဝေးတို့က လာဝယ်ကြပါတယ်"ဟု ဖြေကြားသည်။

တစ်ဖန် စပါးကွင်းအတွင်း ခြွေလှေ့စက်ဖြင့် စပါးများခြွေလှေ့နေသော တောင်သူတစ်ဦးဖြစ်သူ ဦးတင်ဝင်းက "မိုးစပါး ၂၂ ဧက စိုက်ထားတာ စပါးတင်း ၁၈၀၀ ကျော် ထွက်ပါတယ်။ အချိန်ကုန်သက်သာပြီး အလုပ်မြန်မြန်ပြီးတဲ့ ခြွေလှေ့စက်နဲ့ အသုံးပြုနေတာ ပြီးတော့မယ်။ ဒီစပါးတွေက ဒေသကုန်သည်တွေ လာဝယ်ကြတယ်။ ကျွန်တော့်စပါးတွေ အကုန်ရောင်းချပြီးပါပြီ"ဟု ဖြေကြားသည်။ **နိုင်ငံတစ်ဝန်းထွက်ရှိသော ဆန်စပါးများကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ကုမ္ပဏီများ၊ ဒေသကုန်သည်များနှင့် ဆန်စက်များက ဝယ်ယူကြိတ်ခွဲရောင်းချနေသည့်အပြင် ပြည်ပသို့လည်း တင်ပို့ပေးနေသဖြင့် စပါးစိုက် တောင်သူတို့အတွက် ဝယ်လက်များက အသင့်ရှိနေသည်။**

လယ်ကွက်အတွင်း ခြွေလှေ့စက်ဖြင့် စပါးများ ခြွေလှေ့နေမှုကို ရပ်ကြည့်နေမိသည်။ တောင်သူလယ်သမားများ ခေတ်မီစက်ပစ္စည်းများအား ကိုင်တွယ်အသုံးပြုနိုင်နေကြသည်ကို တွေ့ရသဖြင့် ဝမ်းသာစိတ်ဖြစ်ရသည်။

ထို့နောက် ဒေသထွက် စပါးများကို ဝယ်ယူကြိတ်ခွဲနေသော ညောင်ပင်သာရွာရှိ ဦးတိုးအောင်ဆန်စက်သို့ သွားရောက်လေ့လာခဲ့သည်။ တစ်နေ့ စပါးတင်း ၅၀၀ ခန့် ကြိတ်ခွဲနိုင်သည့် ဆန်စက်ဖြစ်ပြီး စပါးဝယ်ယူမှုနှင့် ပတ်သက်၍ ဆန်စက်ပိုင်ရှင် ဦးတိုးအောင်က "နေ့တိုင်း စပါးတွေ ဝယ်ယူကြိတ်ခွဲနေတာပါ။ ဈေးကတော့ ဒေသပေါက်ဈေးအတိုင်းပါပဲ။ အများဆုံးဝယ်ယူတာက ဆင်းသွယ်လတ်၊ မနောသုခ၊ သုခထွန်း စတဲ့ စပါးတွေကို ဝယ်ယူနေပါတယ်" ဟု ရှင်းပြသည်။

သတင်းအဖွဲ့ ရေတာရှည်မြို့နယ်က ပြန်အထွက် နေလုံးပျောက်ပြီး မှောင်ရိပ်ကျလာပြီဖြစ်သည်။အပြန်ခရီးတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများ၊ စပါးများ၊ ဝယ်ယူကြိတ်ခွဲနေသော ဒေသဆန်စက်များ၊ ဆန်အိတ်များကို ဆယ်ဘီးကားကြီးများအပေါ် တင်နေမှုမြင်ကွင်းများကား မျက်စိထဲက မထွက်တော့။ ။



**မိုးစပါးများရိတ်သိမ်းပြီးနောက် စပါးပုံများကလည်း ဤသို့ အပုံလိုက် တွေ့ရစဉ်။**

# မြန်မာ့မီးရထားလမ်းပိုင်းအသီးသီးရှိ ရထားအချိန်စာရင်းများ ပြောင်းလဲပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၂၉

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် အများပြည်သူများ ခရီးသွားလာ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာ့မီးရထား ရထားလမ်းပိုင်းများမှ ရထားအချိန်စာရင်းများကို လိုအပ်သလို ပြောင်းလဲပြေးဆွဲပေးခဲ့ရာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ လမ်းပိုင်းများမှ ရထားအချိန်စာရင်းများကို ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။**

ပြောင်းလဲပြေးဆွဲမည့် ရထားများမှာ ရန်ကုန်မှ စတင်ထွက်ခွာမည့် အမှတ်(၁)အဆန်၊ အမှတ်(၇)အဆန်၊ အမှတ်(၉) အဆန်၊ အမှတ်(၂၉)အဆန်၊ နေပြည်တော်ပျဉ်းမနားမှထွက်ခွာမည့် အမှတ်(၂၅) အဆန်နှင့် နေပြည်တော်ပျဉ်းမနား-ရန်ကုန် အမှတ်(၁၀) အစုန်ရထားများ၊ သာစည်မှ ရပ်စောက်သို့ ပြေးဆွဲပေးမည့် အမှတ်(၁၄၃)အဆန်နှင့် အမှတ်(၁၄၄) အစုန် လူစီးကုန်တင်ရထားများ၊ ပျော်ဘွယ်-ဘုရားငါးဆူ လမ်းပိုင်းသစ် ဖွင့်လှစ်မည်ဖြစ်၍ နေပြည်တော်ပျဉ်းမနားမှ ရွှေညောင်-လွိုင်ကော်သို့ ပြေးဆွဲမည့် အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂)အစုန်၊ အမှတ်(၁၄၇)အဆန်နှင့် အမှတ်(၁၄၈) အစုန်ရထားများဖြစ်သည်။

ပြောင်းလဲမည့် ရထားများတွင် အမှတ်(၇) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၁၁ နာရီတွင် စတင်ထွက်ခွာ၍ နေပြည်တော်ပျဉ်းမနားသို့ ယင်းနေ့ ည ၇နာရီ ၄၅မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး ယခင်အတိုင်း ပဲခူးဘူတာနှင့် တောင်ငူဘူတာများတွင် ၃ မိနစ် ရပ်နားသွားမည်ဖြစ်ကြောင်း၊အမှတ်(၂၉)အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး နောက်တစ်နေ့ နံနက် ၄ နာရီတွင် ရောက်ရှိကာ ကြားဘူတာများဖြစ်သော ပဲခူး၊ တောင်ငူ၊ နေပြည်တော်ပျဉ်းမနား၊ သာစည် ဘူတာများတွင် ခေတ္တရပ်နားသွားမည် ဖြစ်ကြောင်း၊ အမှတ်(၉) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်ပျဉ်းမနားသို့ ယင်းနေ့ ည ၉ နာရီခွဲတွင် ဆိုက်ရောက်ပြီး အမှတ်(၂၅) အဆန်ရထားသည် နေပြည်တော်ပျဉ်းမနားဘူတာမှ ည ၉ နာရီခွဲတွင် ထွက်ခွာ၍ နောက်တစ်နေ့ နံနက် ၅နာရီခွဲတွင် မန္တလေးသို့ ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ အမှတ်(၁) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ ယခင်အချိန်တိုင်းထွက်ခွာ၍ မန္တလေးသို့ နောက်တစ်နေ့ နံနက် ၆နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ်(၁၀) အစုန်ရထားသည် နေပြည်တော်ပျဉ်းမနားဘူတာမှ နံနက် ၄ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၅နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းသစ်ကို နိုဝင်ဘာ ၃၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ ဒီဇင်ဘာ ၁ ရက်မှစပြီး နေပြည်တော်ပျဉ်းမနားမှ ရွှေညောင်-လွိုင်ကော်ရထားလမ်းပိုင်းပြေးဆွဲပြီး အမှတ်(၁၄၇)အဆန်ရထားသည် နေပြည်တော်ပျဉ်းမနားဘူတာမှ ည ၁၀ နာရီခွဲတွင် ထွက်ခွာ၍ လွိုင်ကော်သို့ နောက်တစ်နေ့ ည ၈ နာရီ ၁၅မိနစ်တွင်လည်းကောင်း၊ အမှတ်(၁၄၁) အဆန်ရထားသည် နေပြည်တော်ပျဉ်းမနားဘူတာမှ ည ၁၁ နာရီ ထွက်ခွာ၍ ရွှေညောင်ဘူတာသို့ နောက်တစ်နေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ရွှေညောင်မှ နံနက် ၁၁ နာရီခွဲ ထွက်ခွာမည့် အမှတ်(၁၄၂) အစုန်ရထားသည် နောက်တစ်နေ့ နံနက် ၃ နာရီတွင်လည်းကောင်း၊ လွိုင်ကော်မှ နံနက် ၅နာရီ ၄၅မိနစ် ထွက်ခွာသည့် အမှတ်(၁၄၈)အစုန်ရထားသည် နေပြည်တော်ပျဉ်းမနားဘူတာသို့ နောက်တစ်နေ့ နံနက် ၃ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ပြီး သာစည်ဘူတာမှ နံနက် ၅ နာရီ ထွက်ခွာမည့် အမှတ်(၁၄၃)အဆန်ရထားသည် ရပ်စောက်ဘူတာသို့ ည ၇နာရီ၁၅မိနစ်တွင်လည်းကောင်း၊ ရပ်စောက်မှ နံနက် ၅နာရီခွဲထွက်ခွာမည့် အမှတ်(၁၄၄) အစုန်ရထားသည် သာစည်ဘူတာသို့ ယင်းနေ့ ည ၈နာရီ၄၅မိနစ်တွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်ပြီး အဆိုပါ ပြောင်းလဲပြေးဆွဲသွားမည့် ရထားများ၏ အချိန်စာရင်းများကို သက်ဆိုင်ရာ တိုင်းအသီးသီးရှိ ဘူတာရုံများတွင် ကြေညာထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အာဆီယံဆုဇူးကီးဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း ပြင်းပြင်းထန်ထန် လေ့ကျင့်

## သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၈ရက်အထိ ကျင်းပမည့် အာဆီယံ ဆုဇူးကီးဖလား ဘောလုံးပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အသင်းသည် ပဏာမကစားသမား ၃၀ဖြင့် လေ့ကျင့် ပြင်ဆင်လျက်ရှိပြီး အောင်မြင်မှုရရှိရန် ပြင်းပြင်းထန်ထန် လေ့ကျင့် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် တတိယအကြိမ် Grand Royal Challenge Cupပြိုင်ပွဲအပြီး နိုဝင်ဘာ ၂၄ ရက်မှစ၍ အာဆီယံ ဆုဇူးကီးဖလားပြိုင်ပွဲအတွက် စတင် လေ့ကျင့်ပြင်ဆင်ခဲ့သည်။ ပြိုင်ပွဲ အကြိုပြင်ဆင်မှုအနေဖြင့် နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် သုဝဏ္ဏကွင်း၌ မြန်မာလိဂ် အဆင့်မြင့်တန်းမှ မြို့တော်စည်ပင်အသင်းနှင့် ခြေစမ်း ကစားခဲ့ရာ ပဏာမလက်ရွေးစင် အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။ အနိုင်ဂိုးများကို ပိုင်စိုး၊ ထွန်းထွန်းဝင်း၊မိုးဝင်းနှင့် ကျော်သီဟ တို့က သွင်းယူခဲ့ကြသည်။ ယခု ပဏာမကစားသမား ၃၀ တွင် နောက်ခံလူ အေးဆန်းမှာ ပေါင် ကြွက်သား၌ အနာတရဖြစ်နေပြီး တိုက်စစ်မှူး ရန်ပိုင်မှာ ပြီးခဲ့သည့် Grand Royal Challenge Cup အုပ်စုပွဲစဉ် အင်ဒိုနီးရှားနှင့်ပွဲတွင် ရရှိခဲ့သော ခြေကျင်းဝတ်ဒဏ်ရာ ကြောင့် လေ့ကျင့်ခန်း မဆင်းနိုင်သေးပေ။ အပြီးသတ် ၂၂ ဦးကို မကြာမီ ရက်ပိုင်းအတွင်း ရွေးချယ်သွားမည် ဖြစ်သည်။

၂၀၀၈ အာဆီယံ ဆုဇူးကီးဖလား ဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အင်ဒိုနီးရှား နိုင်ငံ၌ ကျင်းပမည့် အုပ်စု(က)တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံ၌ ကျင်းပ မည့် အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့် လာအိုတို့ ပါဝင်ကြ သည်။ ဆီမီးဖိုင်နယ် ပွဲစဉ်များနှင့် ဖိုင်နယ်ပွဲစဉ်များကို တက်ရောက်သည့် နိုင်ငံများတွင် အိမ်ကွင်း၊ အဝေးကွင်း၊ နှစ်ကျော့ပုံစံဖြင့် ကစားရမည် ဖြစ် သည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ၊ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဒီဇင်ဘာ ၁၆၊ ၁၇၊ ၂၀၊ ၂၁ ရက်၊ ဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၂၄၊ ၂၈ ရက်တို့တွင် ကျင်းပ သွားမည် ဖြစ်သည်။ မြန်မာအသင်း သည် ဒီဇင်ဘာ ၅ ရက်တွင် အင်ဒို နီးရှားအသင်း၊ ဒီဇင်ဘာ ၇ ရက်တွင် စင်ကာပူအသင်း၊ ဒီဇင်ဘာ ၉ ရက် တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဆီယံ ဆုဇူးကီးဖလားဘောလုံး ပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း ယခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့် နိုင်ငံတကာပြိုင်ပွဲများ အနက်မှ ဆဋ္ဌမမြောက်ပြိုင်ပွဲ(နောက်ဆုံးပြိုင်ပွဲ) ဖြစ်သည်။ မြန်မာအသင်းသည် ယခု နှစ်အတွင်း ပြည်ပပြိုင်ပွဲ ငါးခုကို ယှဉ်ပြိုင်ပြီးသွားပြီးဖြစ်ပြီး တတိယ အကြိမ် Grand Royal Challenge Cupပြိုင်ပွဲတွင် ပထမဆုနှင့် ဟိုချီမင်း စီးတီးဖလား ဖိတ်ခေါ်ပြိုင်ပွဲတွင် တတိယဆုတို့ရရှိထားကာ AFC Challenge Cup ပြိုင်ပွဲ၊ အင်ဒိုနီးရှား လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲနှင့် အကြိမ်(၄၀)မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတို့ တွင် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိ ခဲ့သည်။ အာဆီယံဆုဇူးကီးဖလား ဘောလုံးပြိုင်ပွဲကို ယခင်က အာဆီယံ တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ အမည်များဖြင့် ၁၉၉၆ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုအကြိမ်မှာ (၇) ကြိမ်မြောက် ကျင်းပမည့် ပြိုင်ပွဲလည်းဖြစ်သည်။ ယခု ပြိုင်ပွဲကို အာဆီယံဘောလုံး အဖွဲ့ချုပ်က ကြီးမှူးပြီး ဂျပန်နိုင်ငံရှိ ဆုဇူးကီး ကော်ပိုရေးရှင်း၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ အဆိုပါ ပြိုင်ပွဲတွင် ၂၀၀၄ ခုနှစ် တစ်ကြိမ် သာ ဆီမီးဖိုင်နယ်သို့ ရောက်ရှိခဲ့ပြီး ကျန်ငါးကြိမ်တွင် အုပ်စုအဆင့်ဖြင့် သာ ကျနပ်ခဲ့ရသည်။

အာဆီယံ ဆုဇူးကီးဖလားဘောလုံး ပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေ သော ပဏာမ မြန်မာ့လက်ရွေးစင် အသင်းတွင် နည်းပြချုပ်အဖြစ် မား ကိုစ်ဖလော်ပါ၊ လက်ထောက်နည်းပြ များအဖြစ် ဦးဉာဏ်ဝင်း၊ ဦးဇော်ဝင်း ထွန်း၊ ဦးမျိုးချစ်၊ ကြံ့ခိုင်ရေးမှူး အဖြစ် ရိုဒရီဖာနန်ဒက်ဇ်၊ အားကစား သမားများအဖြစ် ဂိုးသမား- အောင် အောင်ဦး၊ ကျော်ဇင်ထက်၊ ညီညီ လွင်၊ နောက်တန်း- မင်းသူ၊ ဇော် လင်းထွန်း၊ မိုးဝင်း၊ ခင်မောင်လွင်၊ ဟန်ဝင်းအောင်၊ သူရအောင်၊ အေး ဆန်း၊ ကျော်ခိုင်ဝင်း၊ ကျော်ဇေယျာ မင်း၊ ကျော်ဇေယျာဝင်း၊ အလယ် တန်း- ရာဇာဝင်းသိန်း၊ အောင်မျိုး သန့်၊ ဇော်ထက်အောင်၊ မျိုးမင်း ထွန်း၊ ပိုင်စိုး၊ ထွန်းထွန်းဝင်း၊ အောင်ကျော်မိုး၊ အောင်မြင့်အေး၊ စိုးသီဟအောင်၊ စိုးလင်းထွန်း၊ ရှေ့တန်း- စိုးမြတ်မင်း၊ ကျော်သီဟ၊ ရန်ပိုင်၊ အောင်ကျော်မျိုး၊ စည်သူ သန်း၊ ထွန်းမင်းဦးနှင့် ပြည့်ဖြိုးဦးတို့ ပါဝင်ကြသည်။

(ကြေးမုံ)



အောင်မြင်မှုရရှိရန် လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်အသင်း။



**တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တနိုင်းမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုရှိစေရန် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် ဝန်ထမ်းများက မြို့ဝင်ဆိုင်းဘုတ်ဆေးသုတ်ခြင်း၊ ပေါင်းမြက်နှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးခြင်းတို့ ဆောင်ရွက်စဉ်။** (ကြေးမုံ)

# အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းနည်းလမ်းများ ဆွေးနွေးဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

Zifam Pinnacle Pty Ltd., က ကြီးမှူး၍ အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း နည်းလမ်းများ ဆွေးနွေးဟောပြောပွဲ ကို နိုဝင်ဘာ ၂၃ ရက် ညနေ ၅နာရီ ခွဲတွင် ရန်ကုန်မြို့ နတ်မောက်လမ်း ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခ ဦးစော နိုင်က ဆောင်ရွက်ပြီး Zifam Pinnacle Pty Ltd., မန်နေဂျင်းဒါရိုက်တာ Mr. Chander Khanna က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပါမောက္ခဒေါက်တာ ဦးခင်မောင်ဝင်းက အဝလွန်ခြင်း ပြဿနာနှင့် ကိုယ်အလေးချိန်ထိန်းသိမ်း ခြင်းနည်းလမ်းများ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး **(အောက်ပုံ)** Zifam Pinnacle Pty Ltd.,မှ ဒေါက်တာထွန်းနေလင်းက LOBESE Carbohydrate Blocker Product အကြောင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် သဘာပတိပါမောက္ခ ဦးစောနိုင်နှင့် ပါမောက္ခဒေါက်တာ ဦးခင်မောင်ဝင်းတို့က တက်ရောက် လာကြသူများ၏ မေးမြန်းဆွေးနွေး ချက်များကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

LOBESE ဆေးဝါးသည် သဘာဝ ပစ္စည်းဖြစ်ပြီး White Kidney Bean ခေါ်သည့် ပဲတစ်မျိုးမှ သန့်စင်ထားသည့် Phaseolus Vulgaris 500-mg ပါဝင်သည်။ နိုင်ငံတကာတွင် Kidney Bean ကို ကျန်းမာရေး အတွက် အကောင်းဆုံးအစာ (World's Healthiest Food) အဖြစ် စံပြုထားသည်။

LOBESEသည်အစာစားချင်စိတ် လျော့ကျ၍ ခံတွင်းပျက်အောင် လုပ်ဆောင်ခြင်း မရှိ၊ စားသုံးသည့် အစာတွင် ပါရှိသည့် Carbohydrate များကို ခန္ဓာကိုယ်ထဲမှ စုပ်ယူမှု နည်း အောင် တားဆီးပေးခြင်းဖြစ်သည်။ LOBESE သောက်သုံးပြီး ကယ်လိုရီ (၃၀၀)ပါဝင်သည့် ထမင်းတစ်ပန်း ကန် စားသုံးသည့်အခါ ကယ်လိုရီ (၅၀)သာ ရရှိမည်ဖြစ်သည်။ အစား အစာများကို ပုံမှန်ထက်လျော့စားရန် မလိုဘဲ ကိုယ်အလေးချိန် ကျဆင်း အောင် LOBESE က ဆောင်ရွက် ပေးခြင်းဖြစ်သည်။ LOBESE သောက်သုံးခြင်းကြောင့် သုတေသန ပြုလုပ်တွေ့ရှိချက်အရ တစ်လလျှင် ကိုယ်အလေးချိန် ခြောက်ပေါင်မှ ခုနစ်ပေါင်ခန့်အထိ ကျဆင်းသည်ကို တွေ့ရှိရသည်။ အစာမစားမီ ၁၅မိနစ် အလိုခန့်တွင် LOBESE တစ်လုံး (သို့မဟုတ်) နှစ်လုံးကို တစ်နေ့ နှစ်ကြိမ် သောက်သုံးနိုင်ပြီး ရေရှည်တွင် ဘေးထွက်ဆိုးကျိုး မရှိကြောင်း သိရှိရ သည်။ LOBESE သည် စားသုံး သည့် အစာများထဲမှ ကစီဓာတ်စုပ်ယူ မှုကို ပိတ်ပင်ခြင်းဖြစ်သည်။ အသား ဓာတ်မှ ရရှိသည့် ကယ်လိုရီများကို ပိတ်ပင်ခြင်းမရှိပေ။ ထို့ပြင် အစာများ တွင်ပါရှိသည့်ဗီတာမင်နှင့်သက်စောင့် Mineral ဓာတ်များကို ပုံမှန်ရရှိမည် ဖြစ်သည်။ LOBESEသည်အာလူး၊ ဂျုံ၊ ထမင်းအစရှိသည့် ကစီဓာတ် ကြွယ်ဝသည့် အစားအစာများကို မစားရလျှင် မနေနိုင်သူများအတွက် ကိုယ်အလေးချိန် ထိန်းသိမ်းရာတွင် အထောက်အကူပြုသည့် သဘာဝ ပစ္စည်း ဖြစ်သည်။

LOBESE ၏ ရည်ရွယ်ချက် သည် အန္တရာယ်ကင်းရှင်းရန်၊ ရေရှည် တွင် အမှန်တကယ် အကျိုးရှိရန်နှင့် ကျန်းမာစွာ ကိုယ်အလေးချိန်ကျဆင်း စေရန်တို့ ဖြစ်သည်။ မိမိ၏ စားသုံးမှု ပုံစံကို ရေရှည်မပြောင်းလဲနိုင်သူများ အားလုံးသည် LOBESE ကို အကျိုး ရှိရှိ သုံးစွဲနိုင်ပြီး ကျန်းမာရေးအဆင့် မြင့် လာစေမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံထုတ်LOBESE ကို Zifam Pinnacle Pty Ltd., ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် လမ်း ဒဂုံတာဝါအခန်းအမှတ်(၁၀၃) ဖုန်း-၅၄၈၆၁၄၊ ၅၄၄၄၆၇၊ E-mail: zifamltd.,@mptmail.net.mm. www.zifampinnacle.com က တင်သွင်းဖြန့်ချိကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)





# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၀-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ **ကာတွန်းအစီအစဉ် -ဂျူမုံမင်းသားလေး (အပိုင်း-၂)**
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -အိုင်းရစ်ပန်းနှင့် ငယ်သံယောဇဉ်**
၂း၄၅ ၆။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၇။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - သံယောဇဉ်နှောင်ကြိုး (အပိုင်း-၂၈)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေး တေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ငါးကလေး (အပိုင်း-၁၁)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်ရှိ Pyin Oo Lwin Golf Club ၌ ဆက်လက်ကျင်းပသည်။**

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင် ( SRIXON)က သုံးရက်ပေါင်း ရိုက်ချက် ၂၁၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

**ပဉ္စမလိုက်**

ဇော်ဇော်လတ် (SRIXON) က သုံးရက်ပေါင်းရိုက်ချက် ၂၁၆ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့် ( KM Golf Centre)က သုံးရက်ပေါင်းရိုက်ချက် ၂၁၈ချက်ဖြင့် တတိယ၊ ဇော်ဇင်ဝင်း (SRIXON) က သုံးရက်ပေါင်း ရိုက်ချက် ၂၂၁ ချက်ဖြင့် စတုတ္ထနှင့် ကျော်သီဟ (KM Golf Centre)က သုံးရက်ပေါင်းရိုက်ချက် ၂၂၂ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)ကသုံးရက်ပေါင်း ရိုက်ချက် ၂၁၇ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

ရန်မျိုးအေးက သုံးရက်ပေါင်း ရိုက်ချက်၂၂၅ ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၆ချက်ဖြင့် တတိယ၊ နေဗလဝင်း မြင့်က သုံးရက်ပေါင်း ရိုက်ချက် ၂၂၇ချက်ဖြင့် စတုတ္ထနှင့် စိုးမိုး အောင်က သုံးရက်ပေါင်းရိုက်ချက် ၂၂၈ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

အဆိုပါ ပြိုင်ပွဲကို မြန်မာဂေါက်သီး ရိုက်အားကစားသမားများနိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး အတွက်ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan. Ltd က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Hotel Yangon, Ruby Dragon (Jade and Gems) Co., Ltd, KBZ Bank Ltd., Alpine Purified Drinking Water, Dagon Brewery Co.,Ltd., MY Associates Co., Ltd, Srixon, KM Golf Centre, ACCEL International Co., Ltd( Canon) နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုဝင်ဘာ ၃၀ရက် နံနက်ပိုင်းတွင် စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**တတိယနေ့ ပြိုင်ပွဲတွင် ဦးဆောင် ကစားလျက်ရှိသော မင်းနိုင် (SRIXON)။**
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# ဇိုရန်တိုဆစ် မန်ယူသို့ ရောက်ဖွယ်ရာရှိ

**လန်ဒန် နိုဝင်ဘာ ၂၉**

ပရီမီယာလိဂ်တွင် အဆင့်(၃) သို့ရောက်ရှိနေသည့် မန်ယူသည် ချန်ပီယံ ဆုဖလားကာကွယ်နိုင်ရေးအတွက် လာမည့်ဇန်နဝါရီလ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် ကစားသမားသစ်တစ်ဦး ဝယ်ယူသွားမည်ဟု သိရသည်။ ထိုသို့ဝယ်ယူရန်အတွက် ဖာဂူဆန်ပစ်မှတ်ထားနေသည့် ကစားသမားမှာ ဆာဘီးယားနှင့် ပါတီဇန်ဘဲဂရိတ်တောင်ပံ ကစားသမား ဇိုရန်တိုဆစ်ဖြစ်သည်။

ဇိုရန်တိုဆစ်သည် လက်ရှိမန်ယူအသင်းမှ စီရော်နယ်လ်ဒိုကဲ့သို့ပင် တောင်ပံနှစ်ဖက်စလုံးတွင်ကောင်းကောင်း ကစားနိုင်သူတစ်ဦးဖြစ်သည်။ တိုဆစ်အနေဖြင့် အလုပ်ပါမစ်ရရှိပြီးပါက အပြောင်းအရွှေ့ဈေးကွက်ဖွင့်သည်နှင့် မန်ယူသို့ ရောက်ရှိလာတော့မည်ဟု သတင်းများက ဖော်ပြထားသည်။ နည်းပြကြီး ဖာဂူဆန်ကလည်း ၎င်းအားခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ မန်ယူနောက်တန်းတွင် ကစားနေသည့် ဗီဒစ်မှာလည်း ဆာဘီးယားနိုင်ငံသားဖြစ်ပြီး အကယ်၍ တိုဆစ်သာ မန်ယူသို့ရောက်ရှိလာပါက မန်ယူတွင် ဆာဘီးယားနိုင်ငံသားနှစ်ဦး ဖြစ်လာမည်ဖြစ်သည်။

## ကစားသမားသစ် ဝယ်ယူမည်ဟု အာဆင်နယ်အသင်းဥက္ကဋ္ဌ ပီတာဟေးလ်ဝုဒ်ပြောကြား

**လန်ဒန် နိုဝင်ဘာ ၂၉**

ဇန်နဝါရီလ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ပါက ကစားသမားသစ် ဝယ်ယူရန် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးအား အသင်း၏ဥက္ကဋ္ဌဖြစ်သူ ပီတာဟေးလ်ဝုဒ်က တိုက်တွန်းပြောကြားလိုက်သည်။ သုံးနှစ်ဆက်တိုက် ဖလားလက်မဲ့ဖြစ်ခဲ့ရသည့် အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအားမည်မည်ရရ အင်အားဖြည့်တင်းခဲ့ခြင်းမရှိချေ။ လူငယ်များကိုသာ အားကိုးပြီး ပြိုင်ပွဲဝင်လာသည့် အာဆင်နယ်သည် လက်ရှိအချိန် ပရီမီယာလိဂ်တွင် ပွဲစဉ်(၁၄) အပြီး၌ နိုင်ပွဲခုနစ်ပွဲသာ ရှိသေးပြီး နှစ်ပွဲသရေနှင့် ငါးပွဲတိတိ ရှုံးထားကာ အဆင့် (၅)သို့ ရောက်ရှိနေသည်။ ထို့ကြောင့် ရလဒ်ပိုင်းညံ့နေပြီး ဒဏ်ရာပြဿနာများဖြင့်ရင်ဆိုင်နေရသည့်အာဆင်နယ်သည် ကစားသမား အင်အားဖြည့်တင်းမှုကို မဖြစ်မနေ လုပ်ဆောင်ရတော့မည် ဖြစ်သည်။ အသင်းဥက္ကဋ္ဌ ပီတာဟေးလ်ဝုဒ်က "အသင်းရဲ့လက်ရှိ ရလဒ်ပိုင်းညံ့မှုတွေကြောင့် ကစားသမားသစ် ဝယ်ယူဖို့ အကြံပြုစာတွေ အများကြီး ရထားပါတယ်။ အသင်းအနေနဲ့ လာမည့် ရာသီအဖွင့်မှာ အနည်းဆုံး ကစားသမားတစ်ဦးတော့ မဖြစ်မနေ ဝယ်ယူသွားမှာပါ"ဟုပြောကြားခဲ့သည်။ ထို့ပြင် ၎င်းက နည်းပြကြီး ဝင်းဂါး၏ ကစားသမားသစ်ဝယ်ယူရေးထက် လူငယ်ကစားသမားများကိုသာ အသုံးပြုရေးဆိုသည့်လမ်းစဉ်ကို ဆက်လက် မကျင့်သုံးသင့်ကြောင်း ဝေဖန်ပြောဆိုခဲ့သေးသည်။ ထို့ကြောင့် ယခုလာမည့် ဇန်နဝါရီလအပြောင်းအရွှေ့ဈေးကွက် ဖွင့်ချိန်တွင် အာဆင်နယ်၌ ကစားသမားသစ်တစ်ဦးကို မြင်တွေ့ရဖွယ် ရှိနေသည်။

**ပရီမီယာလိဂ်ပွဲစဉ်(၁၅) ရလဒ်များ**

| | | |
|---|---|---|
| ဗီလာ | ၀-၀ | ဖူလ်ဟမ် |
| မစ်ဒယ်ဘရော့ | ၀-၀ | နယူးကာဆယ် |
| စတုတ်စီးတီး | ၁-၁ | ဟူးလ်စီးတီး |
| ဆန်းဒါးလန်း | ၁-၄ | ဘော်လ်တန် |
| ဝီဂန် | ၂-၁ | ဝက်စ်ဘရွန်း |

ဝင်းတင် (ကြေးမုံ)



**နဝမအကြိမ် မြန်မာနိုင်ငံ တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)သို့ ရန်ပုံငွေပေးအပ်ပွဲကို နိုဝင်ဘာ၂၇ရက်က ဗဟိုအသင်းခန်းမ၌ ကျင်းပရာ မုံရွာဆရာမိုး-(ဒေါ်သိန်းမှိ)၊ သားဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊မြေးကျော်ကို၊ ကိုဆက်နိုင်(မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)က ရန်ပုံငွေကျပ်သိန်း၃၀ကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ တိုင်းရင်းသမားတော်ကြီး ဦးမောင်ညက်သို့ပေးအပ်စဉ်။** (၆၇)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၄၇)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ် (၄၇)၌ ကမ္ဘာ့ငွေကြေး ပြဿနာ မြန်မာ့ဘဏ်လုပ်ငန်းများကို မထိခိုက်နိုင်၊ မီတာတပ်ဆင်ခြင်းမရှိသော တက္ကစီများကို သဘာဝဓာတ်ငွေ့ထုတ်ပေးခြင်း မပြုတော့၊ ကြက်ငှက်တုပ်ကွေးရောဂါ လျင်မြန်စွာရှာဖွေနိုင်ရန် တိုးမြှင့်ဓာတ်ခွဲခန်းသစ်ဖွင့်၊ ကင်ဆာဖြစ်ပွားသူ လေဘေးသင့်ကလေးငယ်များ ရန်ကုန်ကလေးဆေးရုံတွင် ကုသမှုခံယူနေ၊ ပထမပုဂ္ဂလိကဘဏ်မှရှယ်ယာအသစ်များထုတ်ရောင်း၊ လာမည့်နှစ် အိန္ဒိယသို့ပဲတန်ချိန်တစ်သန်း တင်ပို့ရမည်ဖြစ်ရာသင့်တင့်သည့်နှုန်းထားတစ်ရပ်ရရှိရန် ကြိုးပမ်းမည်၊ ကြက်ဘဲဈေးပြောင်းရွှေ့ဦးမည်မဟုတ် စသည့်ပြည်တွင်းရေးရာ သတင်းများနှင့်အတူ 'ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ပြီလား' ရှုမြင်သုံးသပ်ချက်ဆောင်းပါးများဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကိုကို(စက်မှုတက္ကသိုလ်) မြန်မာဘာသာပြန်ဆိုထားသော ဘားရတ်အိုဘားမား၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ'အဖေ့ဆီကအိပ်မက်များ'၊ 'သမ္မတနဲ့ လူထုကြားမှ ပျောက်ဆုံးနေတဲ့ယုံကြည်မှုကို ပြန်လည်တည်ဆောက်ချင်ပါတယ်' ရွေးကောက်တင်မြှောက်ခံရသော အမေရိကန်သမ္မတ အိုဘားမားနှင့်တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ကမ္ဘာကြီးနှင့် ဗန်ကောက်အဆက်ဖြတ်ပြီ၊ မွမ်ဘိုင်းမြို့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်တို့အား အိန္ဒိယအထူးကွန်မန်ဒိုတပ်ဖွဲ့ကနှိမ်နင်း၊ ပြန်ပေးဆွဲထားသော ရေနံတင်သင်္ဘောအား လွတ်မြောက်ရန် စစ်ရေးအရ ကြိုးပမ်းလာလျှင် ပြန်လည်တိုက်ခိုက်မည်၊ နိုင်ငံရေးသမားဘဝခံယူခဲ့သောရုပ်ရှင်မင်းသမီးအား ခင်ပွန်းသည်က ကွာရှင်းပြတ်စဲ၊ အင်ဒိုနီးရှားဆေးရုံတွင် ကုသမှုမပြုမီ ဆရာဝန်များ လာဘ်တောင်းခံခဲ့သဖြင့် ဗြိတိန်အမျိုးသားတစ်ဦးသေဆုံးသွား၊ ခွေးတစ်ကောင်က 'ကွန်ဒိုး- ကွန်ဒိုး'ဟု အော်လိုက်သော ဖုန်းမြည်သံဖြင့် အိန္ဒိယတွင် ကွန်ဒုံးရောင်းအားမြင့် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

# တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်လျော့နိုင်

ရန်ကုန် နိုဝင်ဘာ ၂၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**
လွန်ခဲ့သော ၂၄နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ဝဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။
**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။
**နိုဝင်ဘာ ၃၀ရက် ညနေထိ ခန့်မှန်းချက်။** ။ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။
**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။
**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။
**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
**မန္တလေးမြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**
**အမြင့်ဆုံးအပူချိန်**
၃၃ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၉၃ ဒီဂရီဖာရင်ဟိုက်) ၂၈-၁၁-၂၀၀၈
**အနိမ့်ဆုံးအပူချိန်**
၁၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၂ဒီဂရီဖာရင်ဟိုက်) ၂၉-၁၁-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၆၁ ရာခိုင်နှုန်း ၂၉-၁၁-၂၀၀၈
နေပူသည့်နာရီပေါင်း ၉ဒသမ၉ နာရီခန့် ၂၈-၁၁-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၉-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂ မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၁၁-၂၀၀၈ ရက် ၉း၃၀နာရီတွင် အရှေ့မြောက်ဘက်မှ တစ်နာရီလေးမိုင်နှုန်း တိုက်ခတ်သည်။

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုဝင်ဘာ၂၉ရက် မြန်မာစံတော်ချိန် ၁၃ နာရီ၊ ၂၄မိနစ်၊ ၅၃စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် ၄၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ဒသမ၈အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# စပါးစိုက်တောင်သူများ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေပြည်ပသို့ တင်ပို့မည့် ဝယ်လက်များကလည်း အသင့်ရှိနေ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - ကျော်မြင့်သန်း(လမ်းမတော်)

**တောင်ငူမြို့မှ နံနက်စောစော ထွက်လာခဲ့သည်။ ရာသီဥတုက ချမ်းစိမ့်စိမ့်ရှိနေရာ ကားလေတိုးမှုကြောင့် တစ်ကိုယ်လုံးအေးစက်နေသည်။ နံနက် ၆ နာရီဆိုသော်လည်း တောင်ငူမြို့သားများကား လုပ်ငန်းခွင်များအတွင်း လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။**

ကားပေါ်တွင် လိုက်ပါလာသည့် ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးကျော်သန်း၊ ပဲခူးတိုင်းကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနမှူး ဦးဇော်မင်းနှင့် တောင်ငူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးသက်ဇင်မောင်တို့က စပါးစိုက်ပျိုးမှု၊ တိုးချဲ့ဧကများ၊ ဆီထွက်သီးနှံများအကြောင်းနှင့် ပဲခူးတိုင်းအတွင်း ရေ၊ မြေ၊ ရာသီဥတု အခြေအနေများကို ပြောပြကြသည်။

တောင်ငူခရိုင်အတွင်းရှိ မိုးကောင်းကျေးရွာအနီး မိုးကောင်းကွင်းသို့ ရောက်ရှိခဲ့ကြသည်။ မိုးကောင်းကွင်းတစ်ခုလုံး ရိတ်သိမ်းရန် အသင့်ဖြစ်နေသော စပါးခင်းများ၊ ဖူးတံအစီအရီဖြင့် ကြီးထွားဖွံ့ဖြိုးနေသည့် စပါးနှံများကို အနီးကပ်လေ့လာကြည့်လိုက်ရာ အနှံအတွင်း အဖျင်း၊ အညှပ်သီးနှံများ မပါရှိသလောက် အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။

"တောင်ငူခရိုင်အတွင်းမှာ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် မိုးစပါးစိုက်ဧက ၅၅၅၆၀၀ နဲ့ စပါးထွက်ရှိနှုန်းက တစ်ဧက တင်း ၈၀ နှုန်းလို့ မျှော်မှန်းခဲ့တာပါ။ တကယ်တမ်း စိုက်ပျိုးနိုင်ခဲ့တာက ၅၆၂၈၉၆ ဧကဖြစ်ပြီး ထွက်ရှိခဲ့တာက တစ်ဧက တင်း ၈၂ ဒသမ ၆၀ နှုန်းဖြစ်လို့ လျာထားချက်ကို ကျော်လွန်ခဲ့ပါတယ်။ ခြုံပြီး ပြောရရင်တော့ တောင်ငူခရိုင်အတွင်းမှာ မိုးစပါးထွက်ရှိမှု လျာထားတင်းပေါင်း ၄၄၅ သိန်းဖြစ်ပြီး အမှန်တကယ် ထွက်ရှိခဲ့တာက စပါးတင်းပေါင်း ၄၆၅ သိန်းဖြစ်ပါတယ်။ ဒါကြောင့် ရည်မှန်းချက်ထက် စပါးတင်းသိန်းပေါင်း ၂၀ တိုးမြင့်ထွက်ခဲ့တယ်။ ဒီထွက်နှုန်းဟာ မနှစ်ကထက် စပါးတင်းပေါင်း ၂၂ သိန်း ပိုပြီးထွက်ရှိခဲ့တယ်လို့ဆိုရမှာပါ" ဟု တောင်ငူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးသက်ဇင်မောင်က ရှင်းပြသည်။

မိုးကောင်းကွင်းအတွင်းရှိ လယ်တဲတစ်တဲဆီသို့ ကန်သင်းရိုးပေါ်မှ ဖြတ်လျှောက်လာခဲ့ရာ တချို့လယ်ကွက်များက ရိတ်သိမ်းပြီး ဖြစ်နေသည်ကို တွေ့ရသည်။ ရိတ်သိမ်းပြီးကောက်လှိုင်းများ အစုံလိုက်အပုံလိုက်ရှိနေသလို တချို့လယ်ကွက်များ၌ ရိတ်သိမ်းနေကြသည်ကိုလည်း လှမ်းမြင်ရသည်။

"လာကြဆရာတို့ ... အကြမ်းရည် သောက်ပါဦး... နွေးနွေးထွေးထွေးရှိသွားအောင်" ဟု တဲအတွင်းမှ ဖိတ်ခေါ်သံနှင့်အတူ တောင်သူကြီးတစ်ဦး ထွက်လာသည်။ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်တောင့်တောင့်တင်းတင်းနှင့် မျက်နှာ၌ ရိုးသားသောအပြုံးက အထင်းသား။ တဲအတွင်းရောက်ပြီး သိလိုသည်များကို မေးမြန်းရသည်။

"ကျွန်တော့်အမည်က ဦးသန်းမြင့်၊မိုးကောင်းကျေးရွာမှာ နေပါတယ်။ အခု ကျွန်တော်စပါးစိုက်တာက **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳



ခြွေလှေ့စက်ဖြင့် ခြွေလှေ့

**ရေတာရှည်မြို့နယ်အတွင်း ရိတ်သိမ်းပြီးစပါးများကို တောင်သူများက လယ်ကွင်းအတွင်း၌ပင် ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေကြသည်ကို ဤသို့ တွေ့ရသည်။**



**နွေစပါးအတွက် ပြင်ဆင်နေပြီး မိုးစပါးလည်း အောင်မြင်နေသော မြင်ကွင်းကလည်း ဤသို့။**

## နက္ခတ္တသိပ္ပံ အင်တာနက်သတင်း

# ကနေဒါနိုင်ငံအနောက်ပိုင်း၌ မြေခဥက္ကာခဲကို ရှာဖွေ

ဘာသာပြန် - တက်လူ

မွန်ထရီယယ် နိုဝင်ဘာ ၂၈

**ကနေဒါနိုင်ငံ အနောက်ပိုင်းသို့ ကျရောက်ခဲ့သည့် မြေခဥက္ကာခဲကို သိပ္ပံပညာရှင်များနှင့် အပျော်တမ်း နက္ခတ်တာရာ လေ့လာသူများက ပိုက်စိပ်တိုက် ရှာဖွေလျက်ရှိကြောင်း၊ ကြွေကျခဲ့သော ဥက္ကာခဲ၏ မူလအလေးချိန်မှာ ၁၀ တန်အထိ ရှိနိုင်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ကနေဒါနိုင်ငံအနောက်ပိုင်း ပရဲရီမြက်ခင်းဒေသသို့ ကျရောက်ခဲ့သော မြေခ ဥက္ကာခဲသည် နိုဝင်ဘာ ၂၀ ရက်က ကြွေကျခဲ့ရာတွင် တီအင်န်တီ ယမ်းဘီလူးတန်ချိန် ၃၀၀ ၏ ပြင်းအားနှင့် ညီမျှသော ပြင်းအားအထိ ပေါက်ကွဲခဲ့ကြောင်း ကနေဒါ အာကာသအေဂျင်စီမှ ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။

အဆိုပါ ဥက္ကာခဲ ကြွေကျမှုကို အယ်လ်ဘားတားပြည်နယ်ရှိ ၄၃၅ မိုင်ပတ်လည် အကွာအဝေးအတွင်းရှိ ပြည်သူထောင်ပေါင်းများစွာက တွေ့မြင်ခဲ့ကြရကြောင်း၊ အယ်လ်ဘားတားနှင့် ဆပ်ကက်ချီဝန်ပြည်နယ်တို့၏ နယ်စပ်ဒေသရှိ အယ်လွိုင်မင်စတာမြို့၏ အရှေ့တောင်ဘက်သို့ ယင်းဥက္ကာခဲ ကျရောက်ခဲ့ကြောင်း နက္ခတ္တရူပဗေဒ ပညာရှင်များဖြစ်ကြသော အလန်ဟီဒီဘရန်နှင့် ပီတာဘရောင်းတို့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အလွန့်အလွန် ကြိမ်နှုန်းနည်းပါးသော အသံလှိုင်း(Infrasound) မှတ်တမ်းများအရ သိရသော စွမ်းအင်ခန့်မှန်းချက်အရ ဥက္ကာခဲသည် အလေးချိန် **စာမျက်နှာ ၈ ကော်လံ ၆ သို့** ▲




**ကမ္ဘာမြေပြင်ပေါ်သို့ ကျဆင်းလာခဲ့သော သံသတ္တုရိုင်းဓာတ်များ ပါဝင်သည့် ဥက္ကာခဲတစ်ခုကို တွေ့ရစဉ်။**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး